မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလကွယ်နေ့၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးသည် ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် အသက်နှင့်ထပ်တူ တန်ဖိုးကြီးမား အလေးထားဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်ကြီးဖြစ်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ဆက်လက်အကောင်အထည်မဖော်နိုင်အောင် ဖျက်လိုဖျက်ဆီး လုပ်နေကြသည်များကို အမျိုးသားနိုင်ငံရေးသတိဖြင့် တွန်းလှန်ကာကွယ်

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၀

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ချင်းပြည်နယ် ဟားခါးမြို့ရှိ ဝမ္မသူးမောင်အားကစားကွင်း၌ ချင်းပြည်နယ်မှ မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တစ်ခဲနက်တက်ရောက်

အဆိုပါအခမ်းအနားသို့ ချင်းပြည်နယ်ရှိ ဖလမ်းခရိုင်နှင့် မင်းတပ်ခရိုင်တို့မှ မြို့မိမြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ နှင့် လူထုလူတန်းစားအသီးသီးတို့မှ ပြည်သူများ စုစုပေါင်း အင်အား သုံးသောင်းခန့် အင်တိုက်အားတိုက် တစ်ခဲနက် တက်ရောက်ကြသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ■

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ကိုယ့်တာဝန် ကိုယ်ကျေရမယ်

ကျွန်တော်တို့ တိုင်းရင်းသားမိသားစုကြီးကို ကြည့်ရအောင်ပါ။ နိုင်ငံတော်အစိုးရက မိဘဆိုလျှင် ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူတွေက သားသမီးတွေပေါ့။ ကျွန်တော်တို့ မိသားစုကြီးတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမ များစွာရှိကြပြီး အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြသဖြင့်လည်း ပျော်ရွှင်ဖွယ်ရာ မိသားစုကြီးဟု သတ်မှတ်နိုင်ပါသည်။ ကျွန်တော်တို့ တိုင်းရင်းသား မိသားစုကြီးသည် ခေတ်အဆက်ဆက်၊ သမိုင်းအတွေ့အကြုံအဖုံဖုံဖြင့် အတော်ပင်ခံနိုင်ရည်ပြည့်ဝသော၊ အခက်အခဲမျိုးစုံကို ကြံ့ကြံ့ခံရင်ဆိုင်၍ ဇွဲ လုံ့လ ဝီရိယတို့ဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်သည့်စွမ်းအားလည်း အပြည့်အဝရှိသော မိသားစုကြီးအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ပါသည်။

ဇော်မျိုးဇော်၏ ဆောင်းပါး (စာ ၄ နှင့် ၅)တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်)

နိုင်ငံတော်အစိုးရကို ပြည်သူများ အပြည့်အဝယုံကြည် ဒီမိုကရေစီဖော်ဆောင်ရေး ဆက်လက်လျှောက်လှမ်းမည်

နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်ရေး ဖော်ဆောင်လျက် ရှိသည်။ ယင်းသို့ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့က ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားများက ပျက်စီးရာပျက်စီးကြောင်း သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်။

နယ်ချဲ့လက်ဝေခံ မီဒီယာများကလည်း ဘေးတီးလှုံ့ဆော်မှုများ ဟန်ချက်ညီညီ လုပ်ဆောင်လာသည်။ ထို့အပြင် ပြည်တွင်းပြည်ပရှိ ဆန့်ကျင်ဘက်အဖျက်သမားများက ဆန့်ကျင်ရေးလမ်းစဉ်များကို မဟာဗျူဟာချမှတ်ပြီး တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သဖြင့် စက်တင်ဘာလအတွင်းက အကြမ်းဖက်ဆူပူဆန္ဒပြမှုများ မြို့နယ်အချို့၌ ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်ဆူပူဆန္ဒပြမှု အကျိုးဆက်ကြောင့် ပြည်သူများ သွားရေးလာရေးနှင့် ရောင်းဝယ် ဖောက်ကားရေးကိစ္စများ ထိခိုက်ခဲ့ရသည်။ လက်လုပ်လက်စား အလုပ်သမားများအဖို့ အလုပ်လက်မဲ့ ဖြစ်ခဲ့ကြရသဖြင့် ပြည်သူများသာ နစ်နာဆုံးရှုံးခဲ့ရသည်။

ဈေးဆိုင်များ ဖွင့်ထားသော်လည်း ဝယ်သူမရှိသဖြင့် အရောင်းအဝယ်များ ဆိုင်းသွားခဲ့သည်။ ကျောင်းသားကျောင်းသူများ ငြိမ်းချမ်းစွာပညာမရှာမှီးနိုင်ဘဲ အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ ဆန္ဒပြသူ လူများသည် ပြည်သူလူထုကို ပိုမိုကျပ်တည်းဆင်းရဲအောင် လုပ်သူများအဖြစ် အများပြည်သူတို့က သတ်မှတ်ကြသည်။

နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရေးကို ရည်ရွယ်ပြီး ဆန္ဒပြဆူပူမှုဖြစ်ရန် သွေးထိုးမြှောက်ပင့်ပေးနေသော နယ်ချဲ့လက်ဝေခံ မီဒီယာများ၊ ပြည်ပြေးများက စီးပွားဖြစ်သွားကြသည်။ ကိုလိုနီနယ်ချဲ့တို့အတွက် နိုင်ငံရေးအမြတ်ရသွားကြသည်။

ယခုအခါ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲများ နိုင်ငံတစ်ဝန်း၌ ကျင်းပလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်တွင်းပြည်ပအဖျက်သမားများ၊ အနောက်နိုင်ငံကြီးများနှင့် ယင်းတို့၏ မီဒီယာများ ပူးပေါင်းပြီး မည်သို့ပင် ဆန့်ကျင်ထိုးနှက်သော်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစိုးရကို အပြည့်အဝယုံကြည်ထောက်ခံလျက်ရှိသဖြင့် ဒီမိုကရေစီဖော်ဆောင်ရေးလမ်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက် ကုန်းမြင့်ရိပ်သာ အောင်တေဇလမ်း အမှတ် ၅/၅၆(B)နေ ဒေါ်ရှိန်နှင့်သားသမီး၊မြေးတစ်စုက ဦးစိုးလွင် (ဖျာပုံ) တစ်လပြည့်အား ရည်စူး၍ ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့်ဦးသန်းလွင်တို့က လက်ခံယူစဉ်။ (က–ပ)

အစ္စရေးနိုင်ငံ လုပ်ငန်းခွင် လက်တွေ့စိုက်ပျိုးရေးသင်တန်းမှ ပြန်လည်ရောက်ရှိလာသော ထူးချွန် သင်တန်းသားများ

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ၈ရက် မွန်းလွဲ၁နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ၂၀၀၆–၂၀၀၇ခုနှစ်တွင် အစ္စရေးနိုင်ငံ၌ ၁၀လကြာ လုပ်ငန်းခွင်လက်တွေ့ စိုက်ပျိုးရေးသင်တန်း တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည့် လုပ်ငန်း၊ဌာနများမှ စိုက်ပျိုးရေးဘွဲ့ရနှင့် စိုက်ပျိုးရေးသိပ္ပံမှထူးချွန်သည့် သင်တန်းသား၃၉ဦးတို့အား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် နိုင်ငံသားများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အသိပညာ၊ အတတ်ပညာများနှင့် ကူညီပေးလျက်ရှိကြောင်း၊ အစ္စရေးနိုင်ငံ စိုက်ပျိုးရေးလုပ်ငန်းများတွင် လက်တွေ့ဆောင်ရွက်သိရှိခဲ့သော အတွေ့အကြုံများ၊ နိုင်ငံတကာဈေးကွက်ဝင် သီးနှံစိုက်ပျိုးမှု၊ ထိန်းသိမ်းပြုပြင်မှု၊ ထုပ်ပိုးရောင်းချမှု အခြေအနေများကို မိမိနိုင်ငံအတွက် အကျိုးရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။

တင်ပြ

ထို့နောက် သင်တန်းသားများက လေ့လာတတ်ကျွမ်းခဲ့သော လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက ရရှိခဲ့သော အတွေ့အကြုံများကို အသုံးချ၍ တာဝန်ကျသည့်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်သူများအား ကူညီဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိစာဖြေဌာန အမှတ် (၂)ရပ်ကွက် သီတာလမ်း သာသနဟိတမ္မောရုံတော်မြတ်ကြီးတွင် အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၅ရက်အထိ (၂၅)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရွှေဝါဝင်းကျောင်း ဆရာတော်ဒေါက်တာအာသဘ [သာသန တက္ကသီလ မဟာဓမ္မာစရိယ (M.A)]နှင့် လှိုင်သာယာမြို့နယ် ကမ်းပြိုကျောင်း ပွင့်ဖြူအရှင်တိလောက (နယ်လှည့်သာသနာပြု မိုးကုတ်ဓမ္မကထိက) ဆရာတော်နှစ်ပါးက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာတရားတော်များအား ဟောကြားပြသပေးမည်ဖြစ်ရာ အလှူရှင်မိသားစုများနှင့် စခန်းဝင်ယောဂီများ စာရင်းပေးသွင်းနိုင်ကြရန် အသိပေးနိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၀

တနင်္သာရီတိုင်း ကော့သောင်းမြို့ (၂)မိုင် အေးမြကန်သာရပ်ကွက်နေ ဦးစံတင်–ဒေါ်လှမိသားစုကသီတင်းကျွတ်လပြည့်ကျော် ၂ ရက် (အောက်တိုဘာ ၂၈ ရက်)တွင် မိုးကုတ်ဆရာတော်ကြီး ခန္ဓာဝန်ချအကြိုနှင့် ကထိန်အလှူမင်္ဂလာ မြတ်ဗုဒ္ဓဒေသနာဝိမလကာရီဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ B.A)အား သိက္ခာထပ်ခြင်း မင်္ဂလာတို့ကိုကျင်းပမည် ဖြစ်သည်။

ဟောကြားမည်

ယင်းအလှူမင်္ဂလာ၌ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယB.A)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီ ရုပ်မြင်သံကြား

၁၁–၁၀–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ် ချိုနှားဝင်
၇:၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၅။	မြန်မာသံစဉ် ချိုနှားဝင်
၄:၃၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၅	၇။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅:၄၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း–၄၁)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ကုန်သွယ်သုတ
	၁၉။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ်ရာများနှင့် နှလုံးသား** (အပိုင်း–၈)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မရမ်းကုန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် ဒဂုံမြို့နယ်များအတွင်းရှိ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းနှင့် မျက်မမြင် ကျောင်းများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။

(သတင်းစဉ်)

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ

မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းနှင့် မျက်မမြင်ကျောင်းများ၊ ကက်သလစ်သီလရှင်များ၊ ဘိုးဘွားရိပ်သာများသို့ ဆန်၊ဆီ၊ဆား၊ဆေး၊ပဲနှင့်အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မရမ်းကုန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် ဒဂုံမြို့နယ်များအတွင်းရှိ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းနှင့် မျက်မမြင်ကျောင်းများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့နယ်၊ သံတမန်လမ်းရှိ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်း ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ သာသနာပိုင်ချုပ် ဦးမန်းစံစီဌေးက ဆုတောင်းမေတ္တာ ပို့သသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများ ကိုယ်စား တပ်မတော် အရာရှိကြီးသုံးဦးက တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေကျပ် ၃၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ၃၀၀၀၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆန်အိတ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်က ဆီ၆၁ပိဿာနှင့်၄၀ကျပ်သား၊ ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် ဒဂုံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကငွေကျပ်နှစ်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားလုပ်ငန်းရှင်များအသင်းက အိုင်အိုဒင်းဆား ၆၁၄ ပိဿာနှင့် ၂၈ထုပ် ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနဝန်ထမ်းမိသားစုများက တိုင်းရင်းဆေးမျိုးစုံ၊ မြန်မာနိုင်ငံရေထွက် ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းက ဆန်အိတ် ငါးအိတ်၊ ဦးစိုင်းထွန်းမြင့်-ဒေါ်စောယုမွန် (မွန်ရတနာမိသားစု၊ ဒဂုံမြို့နယ်)က ဆန်အိတ် သုံးအိတ်၊ (ဦးသိန်းမောင်)-ဒေါ်ပါပါး (စန္ဒီပရဆေးမိသားစု)က ဆန်အိတ် ၁၀ အိတ်နှင့် ငွေကျပ် ၃၀၇၀၀၀၊ ဦးငြိမ်း-ဒေါ်အုန်းကြင်မိသားစုနှင့် အိုကေပဲမျိုးစုံရောင်းဝယ်ရေး)က ဆန်ငါးအိတ်၊ ဦးစိုးထွန်းရှိန်-ဒေါ်ခရေနွယ် (အာရှကြီးပွား တိုးတက်ရေး)က ဆီပိဿာ ၁၀၀၊ ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက နှလုံးသည်းခြေဆေး ၃၃၆ဘူး၊ ဦးစိုင်းမောင်မောင်မြင့် (ဥက္ကဋ္ဌ၊ Sky Lion Trading Co., Ltd.)က ငွေကျပ်၁၀သိန်း၊ ဦးကျော်စိ (MD, Jewellery Luck Co., Ltd.၊ ဒဂုံမြို့နယ်)က ငွေကျပ်သုံးသိန်း၊ မြန်မာပြည်သားဟော့ KM၊ ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် ကြက်ဆူစိုက်ပျိုးရေး)က ငွေကျပ် ၂၀၆၀၀၀၊ ဒေါ်မေသန်းနွယ် (သံဃာ့ရွှေရည်ဓာတ်ပုံတိုက်)က ငွေကျပ်နှစ်သိန်း၊ သီရိသုခမ္မ မဏိဇောတဓရဦးစိုးသိန်း-သီရိသုခမ္မသံဃာ ဒေါ်ခင်ချိုအုန်းတို့က ငွေကျပ်၁၅၀၀၀၀၊ ဦးအေးမြင့်-ဒေါ်ခင်သန္တာဝေ(လှသီတာရတနာရွှေဆိုင်)နှင့် ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးစိုးလှိုင် (ပြည့်ဝဆောက်လုပ်ရေး၊ ဒဂုံမြို့နယ်)၊ မြင့်မြတ်စပါးထုတ်လုပ်ရေး၊ နိုင်ဂရု(ပ်)ဆောက်လုပ်ရေး၊ ကေသီပန်ဆေးတိုက်၊ ဝင်းရတနာ ခရီးသွားလုပ်ငန်း၊ BTBကုမ္ပဏီတို့ကငွေကျပ်တစ်သိန်းစီ၊ သမ္မတသက်န်းတိုက်၊ ဒေါ်လှလှ(လမ်းမတော်)၊ ဦးကြူးခင်မိသားစု(မိုးသယ်ယူပို့ဆောင်ရေး)နှင့် ဦးရှိန်ဝင်း(တက်လမ်းဆောက်လုပ်ရေး) တို့က ငွေကျပ်ငါးသောင်းစီ၊ ဦးတင့်လွင်-ဒေါ်ကျင်စွမ်(လွင်နှင့်စွမ်ကုမ္ပဏီမိသားစု)ကငွေကျပ်သုံးသိန်း၊ဒေါက်တာနိုင်ထွဋ်အောင်-ဒေါက်တာဝေဝေရင်၊ သား မောင်ရန်ငြိမ်းအောင်နှင့် သား မောင်မိုးမြတ်အောင်မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးစောကိုလေးနှင့် မြေးမောင်စိုင်းယုံဘရန်မိသားစု၊ ဦးမောင်မောင်လင်း-ဒေါ်သီတာဦး၊ သမီး မစုဝေလင်းမိသားစု၊ ဦးမျိုးသစ်အောင်-ဒေါ်လဲ့လဲ့ဝင်း၊ သား မောင်ဖြိုးအောင်ကျော် မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးအောင်ကျော်စိုး-ဒေါ်မြင့်မြင့်ခိုင်၊ သား မောင်ဖြိုးအောင်ကျော်မိသားစု၊ ဦးတင်စွမ်း-ဒေါ်သန်းသန်းအေး၊ သား မောင်ပြည့်ဖြိုး၊ သားငယ်မောင်ဝီရိန်ထွန်းမိသားစုတို့က ငွေကျပ်ငါးသောင်းစီနှင့် ဦးစိုးမြင့်အောင် (Nokka သောက်ရေသန့်)က ငွေကျပ်နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မေရီချက်(ပ်) မင်းနားမကြားသော ကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မာဂရက်ကျော်မြ၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုရွှေနှင့် မရမ်းကုန်း မျက်မမြင်ကျောင်းအုပ်ဆရာမကြီးဒေါ်ဇီးနားဒွန်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဆွေလင်းက ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်မာဂရက်ကျော်မြက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းနှင့် မျက်မမြင်ကျောင်းများသို့ ယနေ့လှူဒါန်းမှု အစုစုမှာ ဆန် ၉၉အိတ်နှင့် ၁၈ပြည်၊ ဆီ ၁၆၁ပိဿာနှင့် ၄၀ကျပ်သား၊ ပဲ ၁၂၂ ပိဿာနှင့်၈၀ကျပ်သား၊ အိုင်အိုဒင်းဆား ၆၁၄ပိဿာ၊ သွားတိုက်ဆေး ၁၂၂ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၃၈၆ဘူးနှင့် အလှူငွေစုစုပေါင်းငွေကျပ် ၄၆၉၈၀၀၀ ဖြစ်သည်။

တက်ရောက်ချီးမြှင့်

အလားတူ ရန်ကုန် အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်တော်ကလေး ကက်သလစ် သီလရှင်များ ဘိုးဘွားရိပ်သာသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ကန်တော်ကလေး ကက်သလစ်သီလရှင်များ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကန်တော်ကလေး ကက်သလစ်သီလရှင်များ ဘိုးဘွားရိပ်သာမှ စစ္စတာ ထရီဇာက ဆုတောင်းမေတ္တာပို့သသည်။

ဂုဏ်ပြုမှတ်တမ်းတင်လွှာ

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တပ်မတော် အရာရှိကြီးသုံးဦးက ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ငွေကျပ် ၁၀၀၀၀၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆန်အိတ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆန်အိတ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်က ဆီပိဿာ ၁၀၀၊ သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များက အိုင်အိုဒင်းဆား ၁၉၁ ပိဿာနှင့် သွားတိုက်ဆား ၃၈ ဘူး၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနက တိုင်းရင်းဆေးမျိုးစုံ ၃၁၄ဘူး၊ အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီက ဆီပိဿာ ၁၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေး မိသားစု)က ဆန်အိတ် ၁၀၊ ဦးငြိမ်း-ဒေါ်အုံးကြင် (OK ပဲမျိုးစုံရောင်းဝယ်ရေး)က ဆန်ငါးအိတ်၊ သုဝဏ္ဏ ဒီပဆေးဆိုင်က ဆေးမျိုးစုံ ၃၉၇ ဘူး၊ Peter & Paul ဆောက်လုပ်ရေး လုပ်ငန်းက ဆီပိဿာ ၁၀၀၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ ကန်တော်ကလေးသီလရှင်များ ဘိုးဘွားရိပ်သာ အကျိုးဆောင်အဖွဲ့က ငွေကျပ် ၁၅သိန်း၊ ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျား ကိုးကောင်)က ငွေကျပ်ကိုးသိန်း၊ ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးသောမက်(စ်)(UPG)၊ ဦးရာဂျူး (သား)ကျော်ဌေးအောင်၊ ဦးစိုးဟန်လင်း-ဒေါ်နန္ဒာအောင်တို့က ငွေကျပ်နှစ်သိန်းစီ၊ ပါကဝဲ(ခရစ်ယာန်အသင်း)က ငွေကျပ် ၁၅၁၀၀၀၊ ဦးကျော်ခင်မြင့်-ဒေါ်ခင်ခင်စိန်က ငွေကျပ် ၁၀၅၀၀၀၊ ဦးဘဂျွန်း (PK ဆောက်လုပ်ရေး)၊ ဦးလှဝင်း(Oshin star)၊ မြို့နယ် ဆီကုန်သည်များ အသင်း၊ ရတနာမြိုင်ဆောက်လုပ်ရေး၊ ဦးသောမက်(စ်)(TM ဆောက်လုပ်ရေး)၊ ဦးစိုးဝင်း၊ ယုဇနပလာဇာ၊ ဒေါ်ယဉ်သီတာဝင်း စွမ်းအင်ဝန်ကြီးဌာနမိသားစု၊ O.S Santriyago၊ ဦးအောင်မွန်-ဒေါ်လှလှမွန် (မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေး)၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာ)တို့က ငွေကျပ်တစ်သိန်းစီ၊ မင်္ဂလာတောင်ညွန့်မြို့နယ် အခွန်ဦးစီးက ငွေကျပ် ၆၅၀၀၀၊ ဦးသန်းဝင်း (အောင်မေတ္တာ)၊ St. Anthony's Church၊ မြို့နယ် ဆန်ကုန်သည်များ အသင်း၊ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)၊ ဒေါ်လှလှ (လမ်းမတော်)တို့က ငွေကျပ် ၅၀၀၀၀ စီ၊ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၃၀၀၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကန်တော်ကလေး ကက်သလစ် သီလရှင်များ ဘိုးဘွားရိပ်သာမှ တာဝန် ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကန်တော်ကလေး ကက်သလစ်သီလရှင်များ ဘိုးဘွားရိပ်သာမှ စစ္စတာထရီဇာမြင့်နိုင်က ဆုတောင်းမေတ္တာပို့သ၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဘုန်းတော်ကြီး Edwin David က ကောင်းချီးမင်္ဂလာ ဆုတောင်း မေတ္တာပို့သပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကန်တော်ကလေး ကက်သလစ်သီလရှင်များဘိုးဘွားရိပ်သာသို့ ယနေ့လှူဒါန်းမှုအစုစုမှ ဆန် ၄၃ အိတ်နှင့် ၂၂ ပြည်၊ ဆီပိဿာ ၃၀၀၊ အိုင်အိုဒင်းဆား ၁၉၁ ပိဿာ၊ သွားတိုက်ဆေးဘူး ၃၈ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၇၁၁ ဘူး၊ ပဲ ၃၈ပိဿာနှင့် အလှူငွေကျပ် ၅၁၂၈၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ ခုနှစ် အောက်တိုဘာလအတွက်

(၁၄-၁၀-၂၀၀၇)ရက်နေ့

နှင့်

(၂၈-၁၀-၂၀၀၇)ရက်နေ့

ကိုယ့်တာဝန် ကိုယ်ကျေရမယ်

ဇော်မျိုးဇော်

"ဟဲလို--ဖေကြီးလား--သမီးပါ--ကိုယ့်တာဝန် ကိုယ်ကျေရမယ်XXXXX အဲဒါဆို ဒါပဲနော်--ကိုယ့်တာဝန် ကိုယ်ကျေရမယ်--ကိုကိုကြီးနဲ့ ပြောလိုက်ပါဦး"

"ဟဲလို--ဖေကြီးလား--ကိုယ့်တာဝန် ကိုယ်ကျေရမယ်XXXXX ဒါပဲနော်-ဖုန်းချလိုက်တော့မယ်-ကိုယ့်တာဝန် ကိုယ်ကျေရမယ်"

ဤအသံများမှာ အသက်ခြောက်နှစ်အရွယ် ပထမတန်းကျောင်းသူ ကျွန်တော့်သမီးငယ်နှင့် အသက်ရှစ်နှစ်အရွယ် တတိယတန်းကျောင်းသား ကျွန်တော့်သားကြီးတို့ထံ ဖုန်းဆက်စကားပြောတိုင်း သူတို့၏ အဖွင့်နှုတ်ခွန်းဆက်စကားနှင့် အပိတ်နှုတ်ဆက်စကားများဖြစ်ပါသည်။ ကျွန်တော်နှင့်ဖုန်းပြောဆိုရန် ဆက်သွယ်မှုစတင်ရရှိသည်နှင့် **"ကိုယ့်တာဝန် ကိုယ်ကျေရမယ်"**ဟုစတင်နှုတ်ဆက်၍ဖုန်းပြောပြီးသည်နှင့် **"ကိုယ့်တာဝန် ကိုယ်ကျေရမယ်"**ဟုနှုတ်ဆက်ရန် ကျွန်တော်၏သားနှင့်သမီးကို သွန်သင်လေ့ကျင့်ပေးထားပါသည်။ **"သားတို့ သမီးတို့တာဝန်က ဘာလဲ?"**ဟု ကျွန်တော်ကဆက်လက်မေးမြန်းပါက **"လိမ္မာယဉ်ကျေးရမယ်၊ လူကြီးမိဘစကားကို နားထောင်ရမယ်၊ စာကြိုးစားရမယ်"**ဟု ပြန်ဖြေကြပါသည်။ ကျွန်တော့်အနေဖြင့် သူတို့ကိုချည်း တာဝန်သတ်မှတ်ပေးထားသည်မဟုတ်ဘဲ ကိုယ်ကိုယ်တိုင်လည်း **"ဖေဖေ့တာဝန်က အလုပ်ကို ရိုးရိုးသားသားနဲ့ ကြိုးစားလုပ်ရမယ်၊ ဖေဖေတို့မိသားစုရဲ့ စားဝတ်နေရေးကိစ္စအဆင်ပြေဖူလုံအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရမယ်"**ဟု ရွတ်ဆို၍ ကျွန်တော့်တာဝန်ကို သူတို့သိအောင် ရှင်းပြထားပါသည်။

ကျွန်တော်၏သားနှင့်သမီး အခြေခံပညာ အလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့် အသက်အရွယ်များသို့ ရောက်ရှိကြသည့်အခါ အရွယ်နှင့်သင့်လျော်မည့် သူတို့၏တာဝန်များကိုသတ်မှတ်၍ သွန်သင်လေ့ကျင့်ပေးရန်နှင့် သူတို့ဉာဏ်မီနားလည်နိုင်မည့် ကျွန်တော်၏ တာဝန်ကိုလည်းရှင်းပြရန် ကြိုတင်သတ်မှတ်ပြင်ဆင်ထားပါသည်။

ကျွန်တော်၏မိသားစုသည် သာမန်လူလတ်တန်းစား မိသားစုဖြစ်ပါသည်။ ကျွန်တော်တို့၏လက်ရှိဘဝနှင့် ထင်ဟပ်လျော်ညီမည့် မိသားစုရည်မှန်းချက်ကို သတ်မှတ်ထားရှိသည့်အလျောက် ထိုရည်မှန်းချက်သို့အောင်မြင်စွာရောက်ရှိရန်မှာ မိဘနှင့်သားသမီးတို့ပူးပေါင်း၍ တာဝန်ကိုယ်စီ ကျေပွန်စွာထမ်းဆောင်နိုင်မှုအပေါ် တည်မှီနေကြောင်း တစ်မိသားစုလုံးက လက်ခံယုံကြည်ကြပါသည်။ ယုံကြည်သည့်အတိုင်းလည်း ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချထားကြပါသည်။

ကျွန်တော်၏ငယ်စဉ်ဘဝကို သတိရနေပါသေးသည်။ မိဘနှစ်ပါးစလုံးက လခစားဝန်ထမ်းများဖြစ်ကြသည်။ မောင်နှမသုံးဦးရှိပြီး ကျွန်တော်က အလတ်ဖြစ်ပါသည်။ ကျွန်တော်၏အစ်မ ၁၀တန်းအောင်ပြီး တက္ကသိုလ်တက်တော့ မိဘများမှာအတော့်ကို ပင်ပင်ပန်းပန်းကြိုးစားပြီး သားသမီးများ ၏ပညာရေးကို ဖြည့်ဆည်းပေးကြရရှာပါသည်။ ထိုစဉ်က ကျွန်တော် ၁၀တန်းရောက်နေပြီး ကျွန်တော့်မိဘများ၏ လက်သုံးဆုံးမစကားကတော့ **"မင်းတို့ကို ပညာအမွေပဲပေးနိုင်မှာဟေ့--ဒါကြောင့် စာကို တော့ကြိုးစားကြ"**ဆိုတာပဲဖြစ်ပါသည်။ **"စာကို ကြိုးစားကြ"** ဆိုသော် လည်း ကျွန်တော်တို့မောင်နှမများမှာ ပြည့်ပြည့်စုံစုံ ဖူဖူလုံလုံနှင့် ပညာသင်ကြားကြရသည်တော့မဟုတ်ပါ။ ကျွန်တော်၏ အစ်မဖြစ်သူမှာ မန္တလေးတက္ကသိုလ်တွင် ငွေကြေးကိုစည်းစနစ်ဖြင့် စိစစ် သုံးစွဲ၍ ပညာသင်နေရသလို ကျွန်တော့်မှာလည်းအနီးကပ်စာသင်ဝိုင်း၊ ကျူရှင်စသည်တို့နှင့် အလွန်အလှမ်းကွာဝေးပြီး ကျောင်းမှဆရာ၊ ဆရာမများ၏ ဂရုတစိုက်သင်ကြားပေးမှုအောက်တွင် ကိုယ်တိုင်ကြိုးစားသင်ကြားခဲ့ရပါသည်။ ဤတွင် **ကျွန်တော်တို့ မောင်နှမများ ယုံကြည်ကျင့်သုံးခဲ့သည်မှာ မိဘများ၏ အကျပ်အတည်းများအပေါ် ကျွန်တော်တို့က အတင်းဖိအားပေး အကျပ်ကိုင်တောင်းဆိုပြီး မိဘများစိတ်ဆင်းရဲအောင် လုံးဝမပြုလုပ် ခဲ့ကြခြင်းပင်ဖြစ်ပါသည်။ မိဘများ၏ စေတနာမှန်နှင့် ကြုံတွေ့နေရသည့် အခြေအနေများကို သိနားလည်ပြီး သူတို့၏ မိသားစုဘဝရည်မှန်းချက် အောင်မြင်အောင်ကြိုးစားမှုတွင် ကျွန်တော်တို့က ကိုယ့်တာဝန် ကိုယ်ကျေအောင် လိုက်နာပူးပေါင်း ဆောင်ရွက်ခဲ့ကြပါသည်။**

မည်သို့ပင်ဆိုစေ မိဘများက ပင်ပန်းကြီးစွာ ကြိုးစားရန်းကန်ပြီး ကျွန်တော်တို့ကို ပညာသင်ကြားပေးခဲ့သဖြင့် ကျွန်တော်တို့ မောင်နှမတစ်တွေ ပညာရေးဆုံးခန်းတိုင်အောင် အောင်မြင်ခဲ့ကြပါသည်။ **"သားတို့ သမီးတို့ရဲ့ ဘဝအဆင့်အတန်းက လက်ရှိ ဖေဖေ၊ မေမေတို့ရဲ့ ဘဝအဆင့်အတန်းထက် အနည်းဆုံးတစ်ဆင့်တော့ ပိုမြင့်သွားရမယ်။ ဒါမှ တိုးတက်တဲ့မိသားစု ဘဝအဆင့်ဆင့်ကို အောင်မြင်စွာ ထူထောင်ရာကျတယ်။ ကိုယ့်တာဝန်ကိုယ်ကျေတယ်"** ဒါကတော့ ကျွန်တော့်မိဘများ၏ ဆုံးမစကားဖြစ်ပါသည်။ လက်ရှိဘဝကို ထင်ဟပ်ပြီး လိုက်လျောညီထွေဖြစ်မည့် အဖြစ်နိုင်ဆုံးသော မိသားစုဘဝရည်မှန်းချက်ကို အောင်မြင်အောင် မိဘများက မှန်ကန်သောစေတနာဖြင့် တာဝန်ကျေခဲ့ကြသလို သူတို့ချခင်းပေးသည့် လမ်းကြောင်းပေါ်တွင် ကျွန်တော်တို့ မောင်နှမတစ်တွေ ကိုယ့်တာဝန်ကိုယ် ကျေပွန်ခဲ့ကြသဖြင့် အခက်အခဲအမျိုးမျိုးကြားထဲမှ ကျွန်တော်တို့ ကြိုးစားရကျိုးနပ်ခဲ့ရပါသည်။ ယခုအခါ ကျွန်တော်တို့မောင်နှမများ၏ ဘဝအဆင့်အတန်းမှာ မိဘများမျှော်မှန်းခဲ့ကြသည့်အတိုင်း ဖြစ်ခဲ့ရပါပြီ။ မိဘများလည်း စိတ်ချမ်းသာ၊အပန်းပြေကြရပါသည်။ ကျွန်တော်တို့ မိသားစုဘဝလေးမှာလည်း အေးချမ်းသာယာခဲ့ရပါသည်။

ဆက်လက်ပြီး **ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုတဲ့ ကျွန်တော်တို့ တိုင်းရင်းသား မိသားစုကြီးကို ကြည့်ရအောင်ပါ။ နိုင်ငံတော်အစိုးရက မိဘဆိုလျှင် ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူတွေက သားသမီးတွေပေါ့။ ကျွန်တော်တို့ မိသားစုကြီးတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများစွာရှိကြပြီး အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြသဖြင့်လည်း ပျော်ရွှင်ဖွယ်ရာ မိသားစုကြီးဟု သတ်မှတ်နိုင်ပါသည်။ ကျွန်တော်တို့ တိုင်းရင်းသား မိသားစုကြီးသည် ခေတ်အဆက်ဆက်၊ သမိုင်းအတွေ့အကြုံအဖုံဖုံဖြင့် အတော်ပင်ခံနိုင်ရည်ပြည့်ဝသော၊ အခက်အခဲမျိုးစုံကို ကြံ့ကြံ့ခံရင်ဆိုင်၍ ဇွဲလုံ့လဝီရိယတို့ဖြင့် အောင်မြင်စွာကျော်လွှားနိုင်သည့်စွမ်းအားလည်း အပြည့်အဝရှိသော မိသားစုကြီးအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ပါသည်။**

ယခုအခါ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏လက်ရှိအခြေအနေနှင့် ထင်ဟပ်ကိုက်ညီသည့် "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့

အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သောအခြေခံမူများအရ ပြည်သူအားလုံးအတွက် ဒီမိုကရေစီ အခြေခံအခွင့်အရေးများနှင့် ပြည့်ဝသောဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာမှာဖြစ်ပြီး တိုင်းရင်းသားများအတွက်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အခွင့်အာဏာများ ကျယ်ကျယ်ပြန့်ပြန့် ရရှိကြမှာဖြစ်။

လက်ရှိချမှတ်ထားသည့် အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများကို မူတည်ပြီး ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ကျွန်တော်တို့နိုင်ငံအတွက် အသင့်မြတ်ဆုံး အကောင်းဆုံးဖြစ်ပြီး မြန်မာနိုင်ငံ၏ ပကတိအရှိတရားနှင့် အကိုက်ညီဆုံးဖြစ်ကြောင်း တွေ့ရှိရမည်။ ဤအခြေခံမူများကို ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် မြို့နယ်တိုင်းက ကိုယ်စားလှယ်များပါဝင်သည့် ညီလာခံကိုယ်စားလှယ်များအားလုံးက တစ်ခဲနက် အတည်ပြု ချမှတ်ခဲ့ကြခြင်းဖြစ်။

မြန်မာနိုင်ငံတစ်ဝန်းတွင် အမျိုးသားညီလာခံနှင့် အခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေသည်ကို တွေ့မြင်ကြားသိနေရ။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထု၏တာဝန်သိတတ်မှုနှင့် အထောက်အကူပြု အားဖြည့်မှုများဟု ကျွန်တော် မှန်ကန်စွာ ရှုမြင်သုံးသပ်မိ။

11-10 (04) 1 10/11/07, 2:20 AM

၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်ထံ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်မြို့တော်ခန်းမရှိ မင်္ဂလာခန်းမဌ်ကျင်းပရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အလှူငွေများကို လက်ခံယူသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဘဏ္ဍာငွေရှာဖွေရေးနှင့်ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်း

ထို့နောက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ဒုတိယအကြိမ် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ လှူဒါန်းငွေကျပ်၁၀သိန်းစီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းငွေကျပ်၃၂သိန်း ငါးသောင်း၊ ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီမှ လှူဒါန်းငွေကျပ် ၁၅သိန်း၊ ကေတီအမ်သောက်ရေသန့်မှ လှူဒါန်းငွေကျပ်၁၀၂၉၇၀၀၊ Sunday Mart မှ လှူဒါန်းငွေကျပ် ၁၀သိန်း၊ ကြေးမုံသတင်းထောက်ဦးဇော်မင်းအောင် လှူဒါန်းငွေကျပ် ၁၀သိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ လှူဒါန်းငွေကျပ် ငါးသိန်းစီ၊ Asia Hi Tech Co., Ltd.၊ ပျဉ်းမနား မြို့မဈေးသူဈေးသားများ၊ ကောင်းမြတ်ကုမ္ပဏီနှင့် ဦးစိုးလင်းနှင့် ဦးအောင်နိုင်ဝင်းတို့က လှူဒါန်းငွေကျပ်ငါးသိန်းစီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် စိုးလျှပ်စစ်တို့မှ လှူဒါန်းငွေကျပ်သုံးသိန်းစီတို့ကို လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

လက်ခံ

ယင်းနောက် ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက မြတ်တော်ဝင်ဟိုတယ်၊ ရွှေမြန်မာဟိုတယ်၊ တော်ဝင်ကုမုဒြာဟိုတယ်၊ ဖွံ့ဖြိုးအောင်ကုမ္ပဏီ၊ ရွှေညော့်သည်ဟိုတယ်၊ အမရဟိုတယ်နှင့် လယ်ဝေးမြို့နယ်မှ လိုင်စင်စီများ လှူဒါန်းသောငွေကျပ်သုံးသိန်းစီ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ Mather Land ကုမ္ပဏီ၊ အောင်ကမ္ဘာကုမ္ပဏီနှင့် United Machinery Group တို့မှ လှူဒါန်းငွေကျပ်နှစ်သိန်းစီ၊ သာသနာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့မှလှူဒါန်း ငွေကျပ်တစ်သိန်းစီတို့ကို လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ အတွင်းရေးမှူး နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်က စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ကမ္ဘာကျော်ရေသန့်၊ Tiger Shark Co., Ltd.၊ TZK Co., Ltd.၊ Mitsubishi Co., Ltd.၊ OTTO Grand Furnitureတို့မှ လှူဒါန်းငွေကျပ် တစ်သိန်းစီနှင့် Ever Seiko Co., Ltd. မှ လှူဒါန်းငွေကျပ် ၃၀၀၀၀တို့ကို လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

ယင်းနောက်အလှူရှင်များကိုယ်စား တော်ဝင်ကုမုဒြာဟိုတယ်မှ အထွေထွေမန်နေဂျာ ဦးသိန်းကြိုင်က အလှူငွေများလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရုပ်သိမ်း

ထို့နောက် ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုစုပေါင်းလှူဒါန်းငွေ

ယခုကျင်းပသော ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဝန်ကြီးဌာန ၁၉ ခုနှင့် အလှူရှင် ၂၆ ဦးတို့၏ စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၁၈၇၀၉၇၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ဒီမိုကရေစီနိုင်ငံတော်"ဟူသည့် မိသားစုဘဝ ရည်မှန်းချက်ကိုသတ်မှတ်ပြီး ထိုရည်မှန်းချက် အောင်မြင်အောင် လျှောက်လှမ်းရမည့် လမ်းကြောင်းအဖြစ် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ထားရှိပါသည်။ ကျွန်တော်တို့ တိုင်းရင်းသားတစ်မိသားစုလုံး မမှိတ်မသုန် ယုံယုံကြည်ကြည် ခိုင်ခိုင်မြဲမြဲ ကိုင်စွဲကျင့်သုံးရမည့် ဒို့တာဝန်အရေးသုံးပါးနှင့် မိသားစုဘဝ ရည်မှန်းချက်သို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် အခြေခံအုတ်မြစ်များအဖြစ် အခိုင်အမာတည်ဆောက် အကောင်အထည်ဖော်ရမည့် ဦးတည်ချက်(၁၂)ရပ်ကိုလည်း ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ဤနေရာတွင် **နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်ဝယ် ပြည်သူတစ်ရပ်လုံးက ညီညီညွတ်ညွတ် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ တစ်နံတစ်လျား ဘယ်နေရာကြည့်ကြည့် ဘက်ပေါင်းစုံမှ ဖြစ်ပေါ်တိုးတက်နေမှုများကို အကျယ်မဖော်ပြလိုတော့ပါ။ အရာရာသည် ကျွန်တော်တို့၏ မျက်မှောက်တွင် အမြင်မှားစရာမရှိ ထင်ရှားစွာ သက်သေသာဓကဆောင်လျက် ရှိနေပါသည်။**

ကျွန်တော်တို့ တိုင်းရင်းသားမိသားစုကြီးအတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာအောင် ဦးဆောင်ကြိုးပမ်းဆောင်ရွက်နေသည့် အမိအဖ နိုင်ငံတော်အစိုးရသည် အခက်အခဲ အကျပ်အတည်း မျိုးစုံကြားထဲမှ ပင်ပင်ပန်းပန်း ကြိုးစားအကောင်အထည်ဖော်နေရသည်ကို ကျွန်တော်တို့အားလုံးက သိရှိကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့ သားသမီးပြည်သူများအနေဖြင့်လည်း နိုင်ငံတော် တည်ဆောက်ရေးတာဝန်များ အနက်မှ ကျရာအခန်းကဏ္ဍမှ တစ်ပိုင်တစ်နိုင် ဝင်ရောက်မျှတ ထမ်းဆောင်ကြရမည်၊ ကိုယ့်တာဝန် ကိုယ်ကျေရမည်သာ ဖြစ်သည်။ ပြင်ပ ပယောဂကြောင့်သော်လည်းကောင်း၊ မိမိကိုယ်တိုင်သော်လည်းကောင်း နိုင်ငံတော်ကြီး ပျက်စီးရာပျက်စီးကြောင်း ဆန့်ကျင်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အပေါ် သစ္စာဖောက်ခြင်းနှင့် နိုင်ငံတော်အစိုးရ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ အကျပ်အတည်းများအပေါ် ဖိအားပေးအကျပ်ကိုင်ခြင်း စသည့် လုပ်ဆောင်မှုများကိုမူ (စိတ်နှင့်မျှပင် မကြံစည်အပ်ဘဲ) လုံးလုံး ရှောင်ရှားကြရမည် ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးသည် ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကို အောင်အောင်မြင်မြင် ကျင်းပပြီးစီးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သော အခြေခံမူများအရ ပြည်သူအားလုံးအတွက် ဒီမိုကရေစီ အခြေခံအခွင့်အရေးများနှင့် ပြည့်ဝသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမှာဖြစ်ပြီး တိုင်းရင်းသားများအတွက်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အခွင့်အာဏာများ ကျယ်ကျယ်ပြန့်ပြန့်ရရှိကြမှာဖြစ်ပါသည်။ ယခင်ရှိပြီး ပြည်နယ်(၇)ပြည်နယ် အပြင် "ဝ"၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ ကိုးကန့်၊ နာဂ တိုင်းရင်းသားများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရရှိကြမှာဖြစ်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို ကိုင်စွဲကျင့်သုံးနိုင်ကြမည် ဖြစ်သည်။

ထို့အပြင် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမရရှိနိုင်သော လူနည်းစုတိုင်းရင်းသားများအတွက်လည်း ရသင့်ရထိုက်သည့် ဒီမိုကရေစီအခွင့်အရေးများ ရရှိအောင် ဖော်ဆောင်ပေးထားပါသေးသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ပိုသော လူဦးရေရှိသည့် တိုင်းရင်းသားများက သက်ဆိုင်ရာ ပြည်နယ်/တိုင်းများ၏ ဥပဒေပြုလွှတ်တော်မှာ ကိုယ်စားလှယ်တစ်ဦးရရှိပြီး ယင်းကိုယ်စားလှယ်က သက်ဆိုင်ရာ ပြည်နယ်/တိုင်းများ၏ အစိုးရအဖွဲ့ဝင် ဝန်ကြီး ဖြစ်လာမည်။ ယင်းဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းရင်းသားများကိုယ်စား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့် ရမည်ဖြစ်ပါသည်။ အလားတူ လူဦးရေ ၁၀၀၀၀နှင့်အထက်ရှိ လူနည်းစုတိုင်းရင်းသားများသည်လည်း သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့် ရကြမည် ဖြစ်သည်။

နိုင်ငံသားများ၏ အခွင့်အရေးများအပါအဝင် ဘာသာရေး၊ လူမှုရေး စသော ကဏ္ဍအသီးသီးတွင်လည်း အခြားဒီမိုကရေစီနိုင်ငံများမှာ ပေးထားသည့် အခွင့်အရေးများနှင့်မခြား မနိမ့်အောင်ရရှိသည့် အာမခံချက်များ ဤအခြေခံဥပဒေမှာ ပါရှိလာမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ လက်ရှိချမှတ်ထားသည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို မူတည်ပြီး ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကျွန်တော်တို့နိုင်ငံအတွက် အသင့်မြတ်ဆုံး အကောင်းဆုံးဖြစ်ပြီး မြန်မာနိုင်ငံ၏ ပကတိအရှိတရားနှင့် အကိုက်ညီဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ဤအခြေခံမူများကို ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် မြို့နယ်တိုင်းက ကိုယ်စားလှယ်များပါဝင်သည့် ညီလာခံကိုယ်စားလှယ်များအားလုံးက တစ်ခဲနက် အတည်ပြုချမှတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

ယခုရက်ပိုင်းများအတွင်း မြန်မာနိုင်ငံတစ်ဝန်းတွင် အမျိုးသားညီလာခံနှင့် အခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေသည်ကို တွေ့မြင်ကြားသိနေရပါသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထု၏ တာဝန်သိတတ်မှုနှင့် အထောက်အကူပြု အားဖြည့်မှုများဟု ကျွန်တော် မှန်ကန်စွာ ရှုမြင်သုံးသပ်မိပါသည်။ "ကိုယ့်တာဝန်ကိုယ်ကျေပါတယ်" ဟုလည်း ဂုဏ်ပြုမိပါသည်။

အထက်တွင် ကျွန်တော်တင်ပြခဲ့ပါသည်။ လက်ရှိဘဝနှင့် ထင်ဟပ်လျော်ညီသည့် မိသားစုဘဝ ရည်မှန်းချက်ကိုရောက်အောင် မိဘများ၏ ကြိုးပမ်းအကောင်အထည်ဖော်မှုအပေါ် ကျွန်တော်တို့ မောင်နှမတစ်တွေ၏ တာဝန်သိတတ်မှုနှင့် အထောက်အကူပြု အားဖြည့်မှုများကြောင့် အခက်အခဲများကြားထဲမှ မိသားစုဘဝရည်မှန်းချက်များ အောင်မြင်ခဲ့ပြီး မိသားစုဝင်အားလုံး အေးချမ်းသာယာခဲ့ပါသည်--ဟု။

"မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်"ဟု ကျောင်းကောင်စီ သစ္စာလေးချက်ကို ငယ်ငယ်က ကျွန်တော်တို့အားလုံး ရွတ်ဆိုခဲ့ကြဖူးပါသည်။ ကျောင်းသူ၊ ကျောင်းသားများက မိမိကျောင်းကို ကောင်းအောင် ကြိုးစားရမည်။ တိုင်းသူပြည်သားများက မိမိတိုင်းပြည် ကောင်းအောင် ကြိုးစားကြရပါမည်။ အမှန်ပင် ကြည်နူးပီတိဖြစ်ဖွယ်၊ မှတ်သားနာယူဖွယ် နီတိဖြစ်သကဲ့သို့ ဇာတိသွေး၊ ဇာတိမာန်ကို တက်ကြွစေသည့် အင်အားတစ်ရပ်လည်း ဖြစ်ပါသည်။

ကျွန်တော်တို့၏ရွှေပြည်သစ်ကြီးသည် မဝေးတော့ပြီ။

ထိုခရီးအတွက် ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး "ကိုယ့်တာဝန်ကိုယ်ကျေ" ကြရပါဦးမည်။

ဤဆောင်းပါးကို အဆုံးသတ်နေဆဲ တယ်လီဖုန်းအသံ မြည်လာပါသည်။ "ဟဲလို--အမိန့်ရှိပါ"။ "ဟဲလို--ဖေကြီးလား။" ကျွန်တော့်သမီးထံမှ ဖြစ်ပါသည်။ သူစပြောတာက--"ကိုယ့်တာဝန်ကိုယ်ကျေရမယ်"--တဲ့။

(အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားများကို ဂုဏ်ပြုလျက်--)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းအထူးတရားစခန်းပွဲ

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်မြို့ ဗဟန်း အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ်ကျင်းပသော ဝါတွင်းကာလ အထူးတရားစခန်းပွဲ အောက်တိုဘာ ဒုတိယပတ်ကို သီတင်းကျွတ်လဆန်း ၆ ရက်မှ ၁၅ ရက် (အောက်တိုဘာ ၁၇ ရက်မှ ၂၆ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ အဖွဲ့ချုပ်နာယက ရွှေမြင့်မိုရ်ဆရာတော် ပိဋကတ်တစ်ပုံအောင်ဓမ္မကထိက ဗဟုဇနဟိတရေ၊ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘဏက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပြည်သူများ၏ဆန္ဒနှင့်အညီ နိုင်ငံရေး၊ စီးပွားရေးစနစ်များ ပြောင်းလဲကျင့်သုံးပြီး ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန် အုတ်မြစ်များချပေးနေ

■ ရှေ့ဖုံးမှ

အခမ်းအနားမစတင်မီ နံနက် ၈ နာရီမှစတင်၍ စစ်ကြောင်းမှူး ဟားခါးမြို့မှ မြို့မိမြို့ဖ ဦးအောင်ဆန်းဦး ဦးဆောင်သော ဖလမ်းခရိုင် အမှတ်(၁) စစ်ကြောင်းသည် ဟားခါးမြို့နာရီစင်လမ်းဆုံ စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး မြို့မိမြို့ဖ ဦးအွန်ဂေလိန်း ဦးဆောင်သော မင်းတပ်ခရိုင် အမှတ်(၂)စစ်ကြောင်းသည် ဟားခါးမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့စုရပ်မှလည်းကောင်း အခမ်းအနားကျင်းပမည့် ဝမ္မသူးမောင်အားကစားကွင်းသို့ ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ကြကာ စနစ်တကျချီတက်၍ သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီး ဦးကောင်းလွယ်(အငြိမ်းစား) က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးကောလ်လျန်ထန်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ဒွမ်လှိုင်၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ဒေါ်မေရီ၊ ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးဒါရ်ခန့်မန်၊ ရပ်မိရပ်ဖ ဦးခွာလ်ခန့်ထန်နှင့် ရပ်မိရပ်ဖ ဦးဟုန်းမန်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်ထန်းရွှေမာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်ထာကျင်းဆုန်က တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌ နေရာယူကြပြီး ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဗန်ထောင်း ဦးဆောင်၍ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်ဖြင့် အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး သဘာပတိ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဦးကောင်းလွယ် (အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသို့ ချင်းတိုင်းရင်းသား သုံးသောင်းခန့်သည် ချင်းပြည်နယ် လူဦးရေ ငါးသိန်းကျော်ကို ကိုယ်စားပြု တက်ရောက်ကြကြောင်း။ မိမိတို့ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး ဝေးလံခက်ခဲလှကြောင်း၊ မြေပြန့်ဒေသ၊ အခြားပြည်နယ်နှင့်တိုင်းများ အခြေအနေမျိုးဆိုလျှင် ယနေ့အခမ်းအနားသို့ ချင်းတိုင်းရင်းသားအားလုံး တက်ရောက်ကြမည်ဖြစ်ကြောင်း ဦးစွာပြောကြားလိုကြောင်း။

မိသားစုနိုင်ငံတော်ကြီး

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် လူဦးရေအားဖြင့် ၅၆ သန်းနီးပါး သမိုင်းစဉ်ဆက် မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ ချစ်ကြည်စည်းလုံးစွာ စုပေါင်းနေထိုင်ကြသည့် မိသားစုနိုင်ငံတော်ကြီးဖြစ်ကြောင်း၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် ခံ့ခံ့ထည်ထည် နေခဲ့သော နိုင်ငံလည်းဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံတော်သည် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်ပြီး ရေသယံဇာတ၊ မြေသယံဇာတ ကြွယ်ဝလှသောနိုင်ငံ ဖြစ်ပါကြောင်း၊ ဤသည်ကိုမျက်စိကျသော ကိုလိုနီနယ်ချဲ့သမားများက မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခြယ်လှယ်သွေးစုပ်ခဲ့သည်ကို နှစ်ပေါင်း ၁၀၀ ကျော်ခံခဲ့ရကြောင်း၊ သူ့ကျွန်မခံလိုသော မိမိတို့ဘိုးဘွား တိုင်းရင်းသားညီနောင်များသည် ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီဖြင့် နယ်ချဲ့လက်မှ မြန်မာ့လွတ်လပ်ရေးကို အသက်ပေါင်းများစွာ စတေးပြီး ပြန်လည်တိုက်ယူခဲ့ကြသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံအဖြစ် ယနေ့အချိန်ထိ ရပ်တည်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

သဟဇာတဖြစ်

ယနေ့အချိန်အခါသည် မိမိတို့ မြန်မာနိုင်ငံတွင် ပြည်သူတို့၏ဆန္ဒနှင့်အညီ နိုင်ငံရေး၊ စီးပွားရေးစနစ်များကို အခြေခံမှစပြီး၊ ပြောင်းလဲကျင့်သုံးနေကြောင်း၊ တစ်နည်းအားဖြင့် လူမှုအကျိုးတရားများ ပိုမိုဖြစ်ထွန်းအောင် တည်ဆောက်နေသည့် အသွင်ကူးပြောင်းရေးကာလလည်းဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန် အခြေခံအုတ်မြစ်များချပေးနေသော အချိန်အခါလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြောင်းလဲကျင့်သုံးနေသည့် နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့် သဟဇာတဖြစ်ပြီး ၎င်းစနစ်များကိုကောင်းမွန်စွာ ပဲ့ကိုင်ထိန်းကျောင်းနိုင်စွမ်းရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာရှိရန် လိုအပ်သည့်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၉၂ ခုနှစ် ဧပြီ ၂၄ ရက်တွင် ကြေညာချက်အမှတ်(၁၁/၉၂)ကို ထုတ်ပြန်ပြီး အမျိုးသားညီလာခံကျင်းပရေးအတွက် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် စတင်ကျင်းပခဲ့ကြကြောင်း၊ သို့သော်လည်း ရွေးချယ်ခံကိုယ်စားလှယ်အချို့က အမျိုးသားရေးကို ဦးစားမပေးဘဲ မိမိတို့ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်ပျက်ကွက်မှုကြောင့် အရှိန်အဟုန်ရနေသော အမျိုးသားညီလာခံကြီးကို ၁၉၉၆ ခုနှစ်တွင် ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့ရကြောင်း၊ ၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ထုတ်ပြန်ခဲ့ပြီး ပထမအဆင့်ကို အကောင်အထည်ဖော်ရန် ၂၀၀၄ ခုနှစ် မေလတွင် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ညီလာခံပေါင်း ခြောက်ကြိမ်၊ ၂၀၀၄ ခုနှစ်မှ ယနေ့အထိ ညီလာခံပေါင်း ငါးကြိမ်စသည်ဖြင့် အသီးသီးကျင်းပခဲ့ပြီး ယနေ့ဆိုလျှင်အမျိုးသားညီလာခံကြီးသည် ဆုံးခန်းတိုင် အောင်မြင်ပြီးမြောက်သည်ဖြစ်သည်ကို ဝမ်းမြောက်စွာ တွေ့ရကြောင်း။

ပိုမိုကျစ်လျစ်ပြည့်စုံ

ယခုအောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် အစုအဖွဲ့ ရှစ်ခုမှ ကိုယ်စားလှယ်စုစုပေါင်း ၁၀၀၀ ကျော်တို့သည် အတိတ်၏ သမိုင်းသင်ခန်းစာများဖြင့် ပစ္စုပ္ပန်၏အခြေအနေအရပ်ရပ်ကိုထောက်ရှုပြီး အနာဂတ်အရေး တွေးတောမြော်မြင်ကာ လူထုလူတန်းစားအသီးသီးက တိုင်းရင်းသားပေါင်းစုံနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်ပြီးဖြစ်သည့် အဖွဲ့အစည်းများ အပါအဝင် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များသည် အတွေးအခေါ် အယူအဆ အမျိုးမျိုး၊ အမြင်အမျိုးမျိုး ကိုယ်စီကိုယ်င ရှိကြသည်ဖြစ်သော်လည်း ပြည်ထောင်စုကြီးအကျိုးကို ဦးထိပ်ထားပြီး အပြန်ပြန်အလှန်လှန် ညှိနှိုင်းဆွေးနွေးတိုင်ပင်ကာ အခြေခံမူများကို ချမှတ်ကြခြင်းဖြစ်သည့်အတွက် ပိုမိုကျယ်ပြန့်ပြီး နိုင်ငံရေးအနှစ်သာရဖြင့် ပိုမိုပြည့်စုံသည်ဆိုသည်ကို မိမိတို့အားလုံး အသိပင်ဖြစ်ကြောင်း၊ မူလချမှတ်ထားသော အခြေခံမူ(၁၀၄)ချက်မှ ခေတ်နှင့်မလျော်ညီသော အချက်များပယ်ဖျက်ခြင်း၊ ပိုမိုတိကျသည့် အသေးစိတ်အခြေခံမူများသို့ ပြောင်းရွှေ့ခြင်း၊ ပြင်ဆင်ခြင်းတို့ကြောင့် ပိုမိုကျစ်လျစ်ပြည့်စုံသည့် အခြေခံမူ(၈၆)ချက်ကို ရရှိခဲ့ကြောင်း၊ အခြေခံမူခေါင်းစဉ်များအနေဖြင့် နိုင်ငံတော်အကြီးအကဲအတွက် အခြေခံရမည့်အချက်မှလွဲ၍ ကျန်သောခေါင်းစဉ်များသည် ပြောင်းလဲခြင်းမရှိကြောင်း။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အားထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပရာ သဘာပတိ အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီး ဦးကောင်းလွယ် (အငြိမ်းစား)အဖွင့် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မကြာမီက ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးမှ ချမှတ်ထားပြီးဖြစ်သော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်ပတ်သက်ပြီး အများအကျိုးထက် ကိုယ်ကျိုးစီးပွားကိုသာ ပိုမိုကြည့်တတ်သည့် အဖွဲ့အစည်းအချို့သည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာများကို အကြောင်းပြုပြီး မမှန်မကန် ဖြားယောင်းသွေးဆောင်ဝါဒဖြန့်မှုများရှိခဲ့ကြောင်း၊ အမှန်အားဖြင့် ယခင်ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နှိုင်းစာလျှင် ယခုရေးဆွဲ ချမှတ်ပြီးသော အခြေခံမူများသည် တိုင်းရင်းသားများ၏အခွင့်အရေးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားပေါ်တွင် အခြေခံပြီး အထူးတလည် ပေးအပ်ထားသည်ဆိုသည်ကို ငြင်းချက်မရှိကြောင်း ထင်ရှားစွာတွေ့ရမည်ဖြစ်ကြောင်း။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကချင်၊ ကယား၊ ကရင်နီနှင့် ရှမ်းစသော ပြည်နယ်(၄)ခုတို့ဖြင့်သာ ဖွဲ့စည်းပေးထားပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအနေဖြင့် ချင်း၊ မွန်နှင့် ရခိုင်တိုင်းရင်းသားများကိုပါ ပြည်နယ်များဖွဲ့စည်းပေးခဲ့ကြောင်း၊ **ယခုချမှတ်ထားသည့် အခြေခံမူများသည် အနာဂတ်နိုင်ငံတော်ကို တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇)ခုအပြင် “ဝ” တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခု၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နှင့် ကိုးကန့်တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခုတို့ဖြင့် ဖွဲ့စည်းသွားမည်ဖြစ်သည်ကို တွေ့ရှိရကြောင်း။**

လက်တွဲညီညီ တိုက်ခိုက်တွန်းလှန်

ယနေ့နိုင်ငံတော်သည် ဒီမိုကရေစီရှေ့ခရီးအတွက် အဆင်ပြေပြေ ချောချောမွေ့မွေ့ သွားနိုင်အောင် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးနေချိန် လူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်ကြီးများက ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရန် လိုအပ်သည့်အခြေခံမူများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်၍ အပြုသဘောဆောင်သော လုပ်ငန်းများလုပ်ဆောင်နေကြကြောင်း၊ ဤအချိန်တွင် ပြည်တွင်းမှ အာဏာကိုဖြတ်လမ်းနည်းဖြင့် လိုချင်သောအဖွဲ့များက အနောက်အုပ်စု ကိုလိုနီလက်သစ်ဝါဒီများ၏ ကြိုးဆွဲသည့်အတိုင်း အကြမ်းဖက်လမ်းစဉ် ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်များဖြင့် အဖျက်လုပ်ရပ်များကို အတင့်ရဲစွာ လုပ်ဆောင်လာကြကြောင်း၊ ဘာသာရေးကို ခုတုံးလုပ်ပြီး သာသနာ့ဝန်ထမ်း ရဟန်းသံဃာများကို ဆန့်ကျင်ဘက်နိုင်ငံရေးလမ်းကြောင်းပေါ် ဆွဲတင်လှုပ်ရှားနေကြသည်ကို ဝမ်းနည်းဖွယ်ရာမြင်တွေ့နေရကြောင်း၊ **သမိုင်းဘီးကို နောက်ပြန်လှည့်ကာ ၁၉၈၈ ခုနှစ်က အခြေအနေကို ပြန်ရောက်အောင် အကြံပက်စက်စွာဖြင့် လုပ်ဆောင်လာကြသော ပြည်တွင်းပြည်ပ အဖျက်သမားများကို မိမိတို့ညီနောင် တိုင်းရင်းသားများက လက်တွဲညီညီ တိုက်ထုတ်တွန်းလှန်သွားကြရန် အလေးအနက် ပြောကြားလိုက်ပါကြောင်း။**

နိဂုံးချုပ်အနေဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးဆုံးခဲ့သော်လည်း ပြည်ထောင်စုခရီးအနေဖြင့် ဆုံးခန်းမတိုင်သေးကြောင်း၊ မိမိတို့ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် အသက်နှင့်ထပ်တူ တန်ဖိုးကြီးမားပြီး အလေးထားဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်ကြီး ကျန်ရှိနေပါသေးကြောင်း၊ ဤတာဝန်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ထိုအခြေခံဥပဒေအပေါ် ပြည်သူလူထု၏ ဆန္ဒခံယူ အတည်ပြုချက်ရရှိရေး၊ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရေးစသော မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင် ခရီးဆက်ရဦးမည်ဖြစ်ကြောင်း၊ ရှေ့ခရီး၏ ပန်းတိုင်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရေးပင်ဖြစ်ကြောင်း။

ထို့ကြောင့် ညီနောင်သွေးချင်း တိုင်းရင်းသားအားလုံးအတွက် လုံခြုံတည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် လူမှုစီးပွားရေးဘဝကို တည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

လက်တွဲပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ချင်းပြည်နယ် တီးတိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးနန်ဇမုန်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ဖတ်ကြားတင်သွင်းရာတွင် ယနေ့အနာဂတ်နိုင်ငံတော်၏ အမျိုးသားပန်းတိုင်သည် **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး** ပေါ်ထွန်းလာရေးအတွက် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ ဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး ချစ်ကြည်စည်းလုံး ညီညွတ်စွာဖြင့် လက်တွဲကာ ပူးပေါင်းဆောင်ရွက်နေချိန်ဖြစ်သကဲ့သို့ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရန် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်လည်းဖြစ်ကြောင်း။

ကမ္ဘာပေါ်ရှိ လွတ်လပ်သောနိုင်ငံတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အသက်၊ နိုင်ငံတော်နှင့် နိုင်ငံသား၏ဘဝဖြစ်သကဲ့သို့ နိုင်ငံသားတိုင်း၏ အနာဂတ်လည်းဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်၍ ကမ္ဘာတည်သရွေ့ မြန်မာတည်နေရန်ဆိုလျှင် မြန်မာ့အတိတ်သမိုင်း သင်ခန်းစာများမှတစ်ဆင့် ခိုင်မာစွာရယူထားသော အမျိုးသားရေးမူဝါဒပေါ်တွင် အခြေခံရေးဆွဲပြဋ္ဌာန်းမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် လိုအပ်ကြောင်း။

အသက်တမျှအရေးကြီး

ထို့ကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အသက်တမျှအရေးကြီးလှသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာရေး ဦးတည်မျှော်မှန်းကာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို ၁၉၉၂ ခုနှစ်အောက်တိုဘာ ၂ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အမျိုးသားညီလာခံကြီးကို ခေါ်ယူကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း။

ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်ထန်းရွှေမာနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်ထာကျင်းဆုန်တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကြိုးပမ်းမြှင့်တင်

တပ်မတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းပေါ်ပေါက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ စီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အဓိကကျသော အခြေခံလိုအပ်ချက်များဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများတည်ဆောက်ပေးရင်း တစ်ပြိုင်နက်တည်းမှာပင် တိုင်းရင်းသားပြည်သူတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို နေ့မအား၊ ညမနား အားသွန်ခွန်စိုက် ကြိုးပမ်းမြှင့်တင်ပေးလျက်ရှိကြောင်း။

အခြေခံမူ(၃)ချက်

အမျိုးသားညီလာခံကြီးက ညှိနှိုင်းချမှတ်ခဲ့သော အခြေခံမူများထဲမှ တိုင်းရင်းသားများနှင့် သက်ဆိုင်သော အခြေခံမူ(၃)ချက်မှာ–

စာမျက်နှာ ၇ ကော်လံ ၁

11-10 (06) 1 10/11/07, 2:20 AM

အများအကျိုးထက် ကိုယ်ကျိုးစီးပွားကိုသာ ကြည့်တတ်သည့် အဖွဲ့အစည်းအချို့ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးဆိုင်ရာများကို အကြောင်းပြုပြီး မမှန်မကန် ဝါဒဖြန့်

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို တီးတိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးနန်ဇမုန် ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဟားခါးမြို့နယ် ကိုယ်စားလှယ် ဒေါ်ဒေါသ့်ကီး ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

- **နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။**
- **နိုင်ငံတော်သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်မည်။**
- **နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသော တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် ကူညီဆောင်ရွက်မည်ဟု ဖော်ပြထားရှိကြောင်း။**

ထို့အပြင် **နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နိုင်ငံသား (တိုင်းရင်းသား)ကိုမျှ လူမျိုးဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူး အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား အမျိုးသမီးဆင်းရဲချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ**ဟု သတ်မှတ်ဖော်ညွှန်းထားကြောင်း၊ ၎င်းကို ကြည့်ခြင်းဖြင့် မိမိတို့တိုင်းရင်းသားများသည် တန်းတူရည်တူ အခွင့်အလမ်းများ ရရှိကြမည်ဖြစ်ကြောင်း တင်ပြလိုကြောင်း။

အုပ်ချုပ်ရေး

အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအခြေခံမူနှင့် အသေးစိတ် အခြေခံမူများကို သုံးသပ်လေ့လာကြည့်လျှင် **ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များသို့လည်းသက်ရောက် ပျံ့နှံ့ကြောင်း။**

တိုင်းဒေသကြီး(သို့)ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာတွင် **ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် တိုင်းဒေသကြီး (သို့)ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး (သို့) ပြည်နယ် လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့ကြောင်း၊ ထို့ပြင် ပြည်ထောင်စု ဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး(သို့) ပြည်နယ်အစိုးရကို ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက် ပျံ့နှံ့ကြောင်း။**

ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ–

- **ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းစောင့်ရှောက်မှု။**
- **ဒေသတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ ကြီးကြပ်ဆောင်ရွက်နိုင်မှု။**
- **ပြည်ထောင်စု၏ နှစ်စဉ်အရအသုံး ခန့်မှန်းခြေ ငွေစာရင်းအပေါ် အခြေပြုလျက် တိုင်းဒေသကြီး(သို့) ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ခွင့်ရှိမှု၊ နယ်ဘက်ဝန်ထမ်းရေးရာများ စီမံခန့်ခွဲနိုင်မှုတို့ ရရှိဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။**

အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့(သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များတွင်လည်း အလားတူအခွင့်အာဏာများရရှိကြမည် ဖြစ်ကြောင်း တင်ပြလိုကြောင်း။

ဥပဒေပြုရေး

ဥပဒေပြုရေးဆိုင်ရာ အခြေခံမူ(၅)ချက်နှင့် တရားစီရင်ရေးဆိုင်ရာ အခြေခံမူ(၅)ချက်တို့ကိုလည်း ပြဋ္ဌာန်းရန် ညှိနှိုင်းလျာထားကြောင်း၊ ယင်းအခြေခံမူများအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ပေးထားသော ဥပဒေပြုရေးအခွင့်အာဏာကို ရရှိကြမည်ဖြစ်ကြောင်း၊ အလားတူတရားစီရင်ရေးအပိုင်းတွင်လည်း–

- **ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး။**
- **ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး။**
- **အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်များ အပြည့်အဝ ရရှိကြမည်ဖြစ်ကြောင်း တင်ပြလိုကြောင်း။**

ဆက်လက်ပြီး ဘာသာ၊ သာသနာပိုင်းတွင် အခြေခံမူ(၇)ချက် ညှိနှိုင်းရေးဆွဲထားခြင်းရှိကြောင်း၊ လိုရင်းအတိုချုပ်တင်ပြရလျှင် နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ တည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာ၊ သာသနာများ ဟူ၍ အသိအမှတ်ပြုသည်။

လွတ်လပ်စွာ ကိုးကွယ်ခွင့်ရရှိ

နိုင်ငံတော်ကအသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်ဟု ဖော်ပြထားရှိရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုဖြစ်သည့်ကိစ္စရပ်များမှအပ မိမိတို့တိုင်းရင်းသားများ ယုံကြည်နှစ်သက်ရာဘာသာ သာသနာကို လွတ်လပ်စွာကိုးကွယ်ခွင့်ရရှိကြမည်ဖြစ်ကြောင်း တင်ပြလိုကြောင်း။

ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက–

နိုင်ငံတော်၏ နိုင်ငံရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်ဖြင့် ဘက်ပေါင်းစုံကဏ္ဍပေါင်းစုံ လွှမ်းခြုံထိန်းသိမ်းကာကွယ်နိုင်မည့် တစ်နည်းအားဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်မည့် အခြေခံမူ(၁၀၄)ချက်ကို ညှိနှိုင်းချမှတ်နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ အမျိုးသားညီလာခံကြီးက ချမှတ်နိုင်ခဲ့သည့် စည်းကမ်းနည်းလမ်းများကို ပါဝင်ဆွေးနွေးတိုင်ပင်ဖော်ထုတ်ခဲ့ကြသော ညီလာခံကိုယ်စားလှယ်များက တစ်ကျပ်တန်ကစ၍ မူးစေ့မတ်စေ့ ပြားစေ့အထိ အဆင့်မရွေး အလွှာမရွေး ရပိုင်ခွင့်များရှိကြမည့် ဖော်ထုတ်ပြောဆိုခွင့်များရှိရမည့် ဒီမိုကရေစီ၏အခြေခံအခွင့်အရေးများကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်းကို တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မင်းတပ်မြို့နယ် ကိုယ်စားလှယ် ဒေါ်မှန်ပိုင် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ချင်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီး ပေါင်ဇလန်း (အငြိမ်းစား) ထောက်ခံ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြီးခဲ့သည့် စက်တင်ဘာလ ဆူပူအုံကြွမှုဖြစ်စဉ်များကိုကြည့်လျှင် ကိုလိုနီလက်သစ်ဝါဒီ အနောက်အုပ်စု နိုင်ငံကြီးအချို့နှင့် ပြည်တွင်းသစ္စာဖောက်ပုဆိန်ရိုးများသည် သာသနာ့ဝန်ထမ်း ရဟန်းသံဃာများကို ဆန့်ကျင်ဘက်နိုင်ငံရေးလမ်းကြောင်းပေါ် အတင်းအကျပ် ဆွဲခေါ်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့် ယခုကဲ့သို့လုပ်ရခြင်းသည် မိမိတို့ မြန်မာနိုင်ငံတွင် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင်ဖြင့် ပြီးသွားမည်၊ မူဝါဒလမ်းစဉ်(၇)ရပ်ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်သွားမည်ကို သေမလောက်ကြောက်ပြီး ညီလာခံ ပျက်စီးရေး၊ အခြေခံဥပဒေသစ်မပေါ်ထွန်းရေးအတွက် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း။

ဖျက်လိုဖျက်ဆီး

တစ်ဖက်က ကိုလိုနီလက်သစ်ဝါဒီနိုင်ငံကြီးများ၏ ကြိုးဆွဲရာကနေရသော လက်ကျန်သောင်းကျန်းသူအဖွဲ့များကလည်း ဖက်ဒရယ်မှုနှင့်ပြည်ထောင်စု ပြိုကွဲရေးကို လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားကြသဖြင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်မည်ကို ကြောက်လန့်နေကြကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယခုအမျိုးသားညီလာခံကြီးက အတည်ပြုထားသော အသေးစိတ်အခြေခံရမည့်မူများအရ ဖြစ်တည်လာမည့် အနာဂတ်နိုင်ငံတော်တွင် မိမိတို့တိုင်းရင်းသားများသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်စာလျှင် မနှိုင်းယှဉ်သာလောက်အောင် အခွင့်အရေးများရရှိ လာတော့မည်ဖြစ်ကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသများ၊ အစိုးရအဖွဲ့များ၊ လွှတ်တော်များတွင် ၎င်းတို့ကဲ့သို့ အဖျက်သမားများအတွက် နေရာမရှိတော့သည်မှာ သေချာနေသောကြောင့် ပြည်တွင်းမငြိမ်မသက်ဖြစ်အောင် မူဝါဒလမ်းစဉ် (၇)ရပ် ဆက်လက်အကောင်အထည် မဖော်နိုင်အောင် ဖျက်လိုဖျက်ဆီး လုပ်နေကြသည်ကို

အမျိုးသားနိုင်ငံရေးသတိဖြင့် တွန်းလှန်ကာကွယ်သွားကြပါဟု တိုက်တွန်းနှိုးဆော်လိုက်ပါကြောင်း။

နိဂုံးချုပ်တင်ပြရလျှင် ယခုအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက ချမှတ်နိုင်ခဲ့သော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာရေးသည် မိမိတို့ ပြည်ထောင်စုသားအားလုံးအတွက် အသက်သွေးကြောတမျှအရေးကြီးလှကြောင်း၊ ထိုမှတစ်ဆင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးသည် မိမိတို့၏ ပန်းတိုင်ကြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပန်းတိုင်သို့ရောက်အောင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင်အားလုံး လက်တွဲညီညီ ချီတက်ကြပါဟု နှိုးဆော်ရင်း အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း အလေးအနက်အဆိုပြုတင်သွင်းလိုက်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

အမျိုးသားရေးတာဝန်

ယင်းနောက် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဟားခါးမြို့နယ် ကိုယ်စားလှယ် ဒေါ်ဒေါသ့်ကီးက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့် အဆိုကိုထောက်ခံဆွေးနွေးရာတွင် ယခုဆိုလျှင် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သော်လည်း ပြည်ထောင်စုခရီးသည် ဆုံးခန်းမတိုင်သေးကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် အသက်နှင့်ထပ်တူတန်ဖိုးကြီးမားပြီး အလေးထားဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်ကြီး ကျန်နေသေးကြောင်း၊ ၎င်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရန် ဖြစ်ကြောင်း၊ ဆက်လက်ပြီး ထိုအခြေခံဥပဒေအပေါ် ပြည်သူလူထုဆန္ဒခံယူ အတည်ပြုချက်ရယူကာ မူဝါဒလမ်းစဉ်(၇)ရပ်ပါ လမ်းပြမြေပုံအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်ခရီးဆက်ရဦးမည်ဖြစ်ရာ ပန်းတိုင်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်နိုင်ခြင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ တည်ဆောက်နိုင်မှသာ ညီနောင်၊ မောင်နှမ၊ သွေးချင်းတိုင်းရင်းသား အားလုံးအတွက် လုံခြုံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် လူမှုစီးပွားရေးဘဝကိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြောရမည်ဆိုလျှင် မိမိတို့အတွက် ဆက်ရန်တာဝန် အများကြီးကျန်ရှိနေသေးကြောင်း တင်ပြလိုကြောင်း။

ယခုကဲ့သို့ တိုင်းရေးပြည်ရေးမျှော်တွေးကြံဆောင်နေချိန်တွင် စက်သုံးဆီဈေးနှုန်းပြောင်းလဲသတ်မှတ်မှုကိုအကြောင်းပြပြီး အနောက်အုပ်စုသတင်းဌာနကြီးများက ပြည်တွင်းဆူပူမငြိမ်မသက်မှုများဖြစ်အောင် အချိန်ကိုက်လှုံ့ဆော်သွေးထိုးလာသည်ကိုတွေ့ရှိရကြောင်း၊ အံ့သြစရာကောင်းသည်မှာ အနောက်အုပ်စုနိုင်ငံကြီးအချို့သည် အချိန်ကာလကြာမြင့်စွာကပင် ကြိုတင်စီမံထားသည့် တိုင်းဆူပြည်ဖျက်စီမံချက်ကိုအကောင်အထည်ဖော်ရာတွင် သာသနာ့ဝန်ထမ်းရဟန်းသံဃာများကိုအသုံးချလာခြင်းပင်ဖြစ်ကြောင်း၊ ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးများကလည်း ကိုယ့်ဘာသာ သာသနာ့ကိုပင်စတေးလိုက်ကြပြီး ဗိုလ်ကျစိုးမိုးရေးဝါဒီကိုလိုနီလက်သစ်များရှေ့မှောက် ဒူးထောက်ကာ ပလူးပလဲလုပ်နေကြသည်ကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့နေရကြောင်း။

အခကြေးငွေပေး

စက်တင်ဘာလဆန်းတွင် ၈၈ မျိုးဆက်အမည်ခံ ကျောင်းသားဆိုသူများ ဦးဆောင်သော ဆန္ဒပြမှုများစတင်ခဲ့ကြောင်း၊ နောက်တွင် သံဃာတော်များကို ခုတုံးလုပ်ကာဆွဲခေါ်လာခဲ့ကြကြောင်း။ ထိုမှတစ်ဆင့် အလုပ်လက်မဲ့ပျံကျများကို အခကြေးငွေပေးပြီး လူထုပါဝင်လာသယောင် လမ်းလျှောက်စေခဲ့ကြောင်း၊ အမှန်မှာ နိုင်ငံရေးသမားများက သံဃာတော်များကို စစ်တုရင်ခုံပေါ်က နယ်ရုပ်များသဖွယ်အသုံးချကာ တိုင်းဆူပြည်ဖျက်လှုပ်ရှားမှုကြီးကို အကြံပက်စက်စွာ ဖန်တီးလိုက်ခြင်းဖြစ်ကြောင်း သတိပေးပြောကြားလိုက်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အချိန်ကာလတစ်ခုအထိ သဘောထားကြီးစွာဖြင့်စောင့်ကြည့်နေခဲ့သည်ကို အခွင့်ကောင်းယူပြီး လက်ရဲဇက်ရဲဖြစ်လာကြကြောင်း၊ အေးချမ်းစွာနေထိုင်ကြသည့်လူထုကို တစ်အိမ်တစ်ယောက်ထွက်ရမည်၊ မထွက်နိုင်လျှင်ငွေကြေးထောက်ပံ့ရမည်၊ အနုနည်းဖြင့်ငွေညှစ်ခြားပြတိုက်နည်းများသုံးလာရာက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးလာသော အခြေအနေရောက်လာ၍ နိုင်ငံတော်အစိုးရကဝင်ရောက်တားဆီးကာကွယ်လိုက်ရကြောင်း၊ အစိုးရအနေဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် စီမံကာကွယ်နေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

11-10 (07) 1 10/11/07, 2:20 AM

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ဖလမ်းမြို့နယ်မှ မြို့မိမြို့ဖ ဦးသွမ်ဆန်း ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို မတူပီမြို့နယ်မှ ရပ်မိရပ်ဖ ဦးပဲန်လောမ် ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ခွေးဟောင်တိုင်း ထထကြည့်လျှင် အိပ်ရေးပျက်သည်ဆိုရိုးစကားရှိကြောင်း၊ ထမကြည့်မိ၍ တကယ်သူခိုးဝင်လာခဲ့လျှင်လည်း ပစ္စည်းဥစ္စာဆုံးရှုံးမှုကြုံတွေ့နိုင်ကြောင်း၊ ကိုလိုနီလက်သစ်ဝါဒီနိုင်ငံကြီးနှစ်ခုနှင့် ၎င်းတို့၏သတင်းမီဒီယာများအနေဖြင့် မိမိတို့ပြည်ထောင်စုကြီး မငြိမ်မသက်ဖြစ်နေအောင်၊ ပြိုကွဲအောင်၊ ခေတ်သစ်ကျွန်ပြန်ဖြစ်အောင် သွေးခွဲသပ်လျှိုသောဇာတ်လမ်းများ တစ်ခုပြီးတစ်ခု ဆက်လုပ်နေဦးမည်ကို အမျိုးသားနိုင်ငံရေးသတိဖြင့် စောင့်ကြည့်ကာကွယ်သွားရန်လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

အမျိုးသားရေးပန်းတိုင်

ယခုကဲ့သို့ နှုတ်ကြောင်းပေး သွေးခွဲမှုများကို မိမိတို့တိုင်းရင်းသားများအနေဖြင့် နားမယောင်မိကြရန် အရေးကြီးလှကြောင်း၊ အမျိုးသားနိုင်ငံရေးသတိ၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်တို့ဖြင့် တွန်းလှန်ကာကွယ်သွားရမည်ဖြစ်ကြောင်း၊ တစ်ပြိုင်တည်းတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ ဆက်လက်ချီတက်ရန် လိုအပ်ကြောင်း။

အမျိုးသားရေးပန်းတိုင်အနေဖြင့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးပင်ဆိုသည်ကို ထပ်မံပြောကြားလိုကြောင်း၊ ဤပန်းတိုင်ကြီး တည်ဆောက်ရောက်ရှိနိုင်ရန်အတွက် တစ်ခုတည်းသောနည်းလမ်းသည် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ဖော်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ကျင်းပပြီးစီးသွားသည့် အမျိုးသားညီလာခံကြီး၏ ဆောင်ရွက်ချက်များနှင့် အခြေခံဥပဒေသစ်အပေါ် ကြိုဆိုထောက်ခံခြင်းအဆိုကို မိမိတို့ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က အလေးအမြတ် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အောင်အောင်မြင်မြင် ချမှတ်နိုင်

ဆက်လက်၍ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ မင်းတပ်မြို့နယ် ကိုယ်စားလှယ်ဒေါ်မှန်ပိုင်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့် ဖြစ်သည့် အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်များသည် မိမိတို့တိုင်းရင်းသား ပြည်သူများ၏ စရိုက်လက္ခဏာ၊ ရေမြေ၊ ရာသီဥတုသဘာဝ၊ နိုင်ငံသားအများစု၏ ဆန္ဒသဘောထားနှင့် အကျိုးစီးပွားကို အခြေခံပြီး လိုက်ဖက် ဆီလျော်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အသေးစိတ် အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့် မူ(၈၆)ချက်အနက် ဘာသာ၊သာသနာရေးနှင့် ပတ်သက်ပြီး **"ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတို့တွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ် တည်ဆောက်နိုင်သည့် အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။"**

ဘာသာ၊ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေး ဆောင်ရွက်မှုတို့ကို အထက်ပါ အခွင့်အရေးတွင် မပါဝင်စေရ။

ကူညီစောင့်ရှောက်

ထိုသို့ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။ နိုင်ငံတော်သည် ဗုဒ္ဓဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့မှာ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာ သာသနာများဟူ၍ အသိအမှတ်ပြုသည်။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ၊ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစား မပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးတွင် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်ဟု အတိအလင်းဖော်ပြထားသည်ကို တွေ့ရှိရကြောင်း။

ယင်းသို့ ဖော်ပြချက်သည် နိုင်ငံသားတိုင်းအတွက် ဘာသာရေးအခွင့်အလမ်းပေးထားသောမူဖြစ်၍ ဤမူကို နိုင်ငံသားတိုင်းက အပြည့်အဝ ထောက်ခံပါကြောင်း၊ **ထို့ပြင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းကဏ္ဍတွင် အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်ဟုလည်းကောင်း၊ မိခင်များ၊ ကလေးများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှခံစားခွင့် ရှိစေရမည်**ဟု လည်းကောင်း

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်ခုတည်တံ့ခိုင်မြဲရေး အဓိကကျ ဥပဒေအားလုံး၏ ပင်မကျောရိုးဖြစ်သောကြောင့် မိခင်ဥပဒေဟု ခေါ်ဆိုနိုင်

နိုင်ငံတော်အာဏာကို ရွေးကောက်ပွဲတွင်အနိုင်ရ အရွေးခံရသူတို့ လက်ထဲသို့ ဟင်းရွက်ကန်စွန်းပမာ အလွယ်တကူထည့်မပေးနိုင်ကြောင်း၊ ထို့ကြောင့် ခိုင်မာသည့် အခြေခံဥပဒေရေးဆွဲနေရခြင်းဖြစ်ကြောင်းကို တင်ပြလိုက်ပါကြောင်း။

ယနေ့ ခေတ်ပြောင်း စနစ်ပြောင်းနေသည့်အချိန်တွင် မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ အရင်းခံဆန္ဒမှာ **ငြိမ်းချမ်းစွာ နေထိုင်လိုကြကြောင်း၊ အေးချမ်းစွာလုပ်ကိုင်စားသောက်လိုကြကြောင်း၊ တိုင်းဆူပြည်ပျက်အခြေအနေမျိုး ထပ်မံမတွေ့ကြုံလိုတော့ကြောင်း၊ ခေတ်သစ်ကိုလိုနီကျွန်ဘဝမျိုးကိုလည်း ပြန်မရောက်လိုတော့ကြောင်း၊ တကယ်တမ်း ယင်းလိုအင်ဆန္ဒများကို ထာဝရဖြည့်ဆည်းပေးနိုင်မည့်အရာမှာ အေးချမ်းသာယာသည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ပင်ဖြစ်ကြောင်း။**

အထင်အရှားမြင်တွေ့နိုင်

ဤနိုင်ငံတော်သစ်တည်ဆောက်နိုင်ရန်အတွက် အမျိုးသားညီလာခံကြီးတွင် ပုံဖော်ဖန်တီးစီမံနေသည်ကို အထင်အရှားမြင်တွေ့နိုင်ကြောင်း၊ ထို့ကြောင့် ပါရှိသည်ကို တွေ့ရသည့်အတွက် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်အသစ်တွင် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများလည်း ကြိုတင်သိမြင်နိုင်ပြီဖြစ်ကြောင်း။

အခြေခံကောင်းများဖြစ်တည်

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့် အခြေခံမူများသည် နိုင်ငံသားအားလုံးအတွက် ရလဒ်ကောင်းများအဖြစ် ဘာသာရေးကဏ္ဍတွင်သာမက စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍများတွင်လည်း အခြေခံကောင်းများဖြစ်တည်လာခဲ့ပြီး အနာဂတ်နိုင်ငံတော်အတွက် အုတ်မြစ်ချဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

မိမိတို့ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ခြွင်းချက်မရှိလက်ခံနိုင်သော အခြေခံမူများဖြစ်၍ ဤမူကို မိမိတို့အလေးအနက်ထောက်ခံကြောင်း။

မိမိတို့နိုင်ငံတော်တွင် အဘယ့်ကြောင့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်သလဲဆိုသည်ကို ရှင်းလင်းတင်ပြလိုကြောင်း။

အတိအကျဖော်ပြထား

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အချုပ်အခြာအာဏာရပ်များကို ပြည်သူက ရွေးကောက်သော ပြည်သူ့ကိုယ်စားလှယ်များကကျင့်သုံးရာတွင် စည်းကမ်းတကျရှိရန် စည်းစနစ်များ၊ စည်းကမ်းနည်းလမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျဖော်ပြထားမြဲဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူမှဆင်းသက်သည့် အချုပ်အခြာအာဏာ မည်သို့မည်ပုံကျင့်သုံးရမည်ကို အခြေခံဥပဒေတွင် ဖော်ပြနေကြရခြင်းဖြစ်ကြောင်း၊ လွတ်လပ်သော နိုင်ငံတိုင်းတွင် အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရမြဲဖြစ်ကြောင်း၊ စစ်မှန်သောဒီမိုကရေစီကိုယုံကြည်သူတိုင်း ပြည်သူ့ဆန္ဒနှင့်အညီ ပေါ်ထွန်းလာမည့်အခြေခံဥပဒေကို အလေးအမြတ်ပြု လက်ခံကြရမည်သာဖြစ်ကြောင်း၊ ပြည်သူ့အာဏာရပ် (သို့) အချုပ်အခြာအာဏာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ ပါဝင်ကြကြောင်း၊ ဤခက်မသုံးဖြာ

အမျိုးသားညီလာခံကြီး၏ဆောင်ရွက်ချက်များဖြင့် ဖြစ်တည်လာမည့်ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ထောက်ခံကြိုဆိုရေးအဆိုကို ထောက်ခံလိုက်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ထို့နောက် ချင်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးပေါင်ဇလန်း (အငြိမ်းစား)က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် ၎င်းတို့အနာဂတ်ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သကဲ့သို့ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနာဂတ်ရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်လာရေးဖြစ်ကြောင်း၊ ထိုရည်မှန်းချက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယနေ့မိမိတို့နိုင်ငံ၏ မရှိမဖြစ်အဓိကလိုအပ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းရေးပင်ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်ခုအတွက် အလွန်အရေးကြီးကြောင်း၊ အနာဂတ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းရပ်များတွင် အမြဲရှင်သန်တိုးတက်နေအောင် ဖော်ဆောင်ပေးနိုင်စွမ်းလည်းရှိကြောင်း။

ဥပဒေအားလုံး၏ပင်မကျောရိုး

အခြေခံဥပဒေသည် နိုင်ငံတစ်ခုတည်တံ့ခိုင်မြဲရေးတွင် အဓိကကျလှကြောင်း၊ အခြေခံ ဥပဒေမရှိသော နိုင်ငံများတွင် တည်မြဲသည့်အစိုးရဆိုသည်ကို မရှိနိုင်ကြောင်း၊ အခြေခံဥပဒေသည် ဥပဒေအားလုံး၏ ပင်မ ကျောရိုးဖြစ်သောကြောင့် မိခင်ဥပဒေဟုလည်း ခေါ်ဆိုနိုင်ကြောင်း။

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတစ်ခု၏ တပ်မတော်အင်အားသည် ထိုနိုင်ငံ၏ခံ့ညားမှု၊ ဂုဏ်သိက္ခာမြင့်မားမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုများကို ဖော်ညွှန်းပြသနေကြောင်း၊ အင်အားတောင့်တင်းခိုင်မာသော တပ်မတော်ရှိမှသာလျှင် နိုင်ငံတော်၏ ပိုင်နက်မြေပြင် ရေပြင် ဝေဟင်တို့ကို လုံခြုံအောင် ကာကွယ် စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသား/တိုင်းရင်းသားများ၏ အသက်အိုးအိမ်စည်းစိမ်ကိုလည်းကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း။

လက်တွဲညီညီ

မိမိတို့ မြန်မာ့တပ်မတော်သည် သူ့ကျွန်ဘဝက လွတ်မြောက်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးစသည့် အမျိုးသားတော်လှန်ရေးအဆင့်ဆင့်မှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲညီညီ အသက်ပေး ကြိုးပမ်းတိုက်ပွဲဝင်ခဲ့၍ နိုင်ငံတော်၏ အောင်ပန်းဖြစ်သည့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်သည်

ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲအခမ်းအနားသို့ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုရေး အသင်းအဖွဲ့အသီးသီးနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် လူထုလူတန်းစားအသီးသီးမှ ပြည်သူများ၊ စစ်ကြောင်းပုံဖြင့် စနစ်တကျ ချီတက်ကြစဉ်။ (သတင်းစဉ်)

- **၁၉၄၈–၆၉ ပြည်တွင်းရောင်စုံသောင်းကျန်းမှု အန္တရာယ်နှင့် တရုတ်ဖြူ တပ်များ ကျူးကျော်မှုအန္တရာယ်။**
- **နိုင်ငံရေးပါတီများ၏ အကွဲအပြဲကြောင့် တစ်နိုင်ငံလုံး သွေးချောင်းစီးမည့်အန္တရာယ်။**
- **၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်။**
- **၁၉၈၈ ခုနှစ် တိုင်းဆူပြည်ဖျက် အရေးအခင်းအန္တရာယ်တို့မှ ကာကွယ်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။**

အမျိုးသားရေးလုပ်ငန်းစဉ်

ထို့ကြောင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းကာကွယ်ရမည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီး ဆောင်ရွက်ရာတွင် တပ်မတော်သည် မရှိမဖြစ်လိုအပ်လှသော အင်အားစုကြီးဖြစ်သည်ဆိုသည်မှာ ထင်ရှားလှကြောင်း။

ထို့အပြင်ပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် တပ်မတော်နှင့် ပတ်သက်သည့် အခြေခံမူ(၆)ရပ်အနက် အောက်ပါအချက်နှစ်ချက်ကို အလေးအနက်ထားပြီး ချမှတ်ခဲ့သည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ယင်းတို့မှာ **“ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိက တာဝန်ရှိသည်၊” “တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်”**တို့ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အနာဂတ် ပြည်ထောင်စုကြီးအတွက် လွန်စွာအရေးကြီးလှသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် မိမိတို့အားလုံး ကြိုးပမ်းနေချိန်တွင် ကိုလိုနီလက်သစ်ဝါဒီ အနောက်အုပ်စုနိုင်ငံကြီးအချို့နှင့် ပြည်တွင်းလက်ပါးစေများက ဆူပူအုံကြွမှုတစ်ခု ဖန်တီးလုပ်ဆောင်လာသည်ကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့နေရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး စိတ်ရှည်သည်းခံစွာဖြင့်ကိုင်တွယ်ခဲ့သည်ကို အခွင့်ကောင်းယူပြီး ဆန့်ကျင်လှုပ်ရှားမှုများကို အရှိန်မြှင့်လာခဲ့ကြောင်း၊ သာသနာ့ဝန်ထမ်း ရဟန်းများကို သာသနာတော်နှင့် မသက်ဆိုင်သော ဆန့်ကျင်ဘက် နိုင်ငံရေးလမ်းကြောင်းပေါ် ဆွဲတင်ရုံသာမကဘဲ အလုပ်လက်မဲ့ပုံကျများကိုပါ နေ့တွက်အခကြေးငွေပေးပြီး ပြည်သူလူထုပါသယောင် အင်အားပြလှုပ်ရှားမှုများကို အတင့်ရဲစွာပြုလုပ်လာကြကြောင်း၊ **ကိုလိုနီလက်ပါးစေများသည် ဗကပ၏နည်းနာများ၊ ဂျင်းရှပ်၏ နည်းနာများကို ကျင့်သုံးပြီး လူထုလှုပ်ရှားမှုစတင်နိုင်အောင် Campaign အမျိုးမျိုးလုပ်ကြကြောင်း၊ ဗကပ၏ ဒီမို–၂၀၀၆၊ ၂၀၀၇ ကြံဆချက်များဆိုသည့် တက်ကြွလှုပ်ရှားမှုများ တပ်ဦးနှင့် (UG) မြေအောက်လှုပ်ရှားမှုများ ပေါင်းစပ်လုပ်ဆောင်လာသည်ကို တွေ့ရကြောင်း၊ ထို့ပြင် ၈၈ အုပ်စုအနေဖြင့် နိုင်ငံတကာ အစိုးရနှင့် အဖွဲ့အစည်းများသို့ မြန်မာနိုင်ငံကို ပိုမိုဖိအားပေးအရေးယူကြရန် ရေးသားတိုက်တွန်းမှုများ ပြုလုပ်နေကြကြောင်း၊ ပြည်သူလူထုအတွင်းသို့ စီးပွားရေး၊ လူမှုရေး၊ ခေါင်းစဉ်အမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော်မှုများကို အရှိန်မြှင့်လုပ်ဆောင်နေကြသည်ကိုလည်း တွေ့ရကြောင်း၊ ယင်းလုပ်ဆောင်မှုများသည် မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားရေးအတွက် ၎င်းတို့ချမှတ်ထားသည့် မဟာဗျူဟာဆိုသည်မှာ သိသာထင်ရှားနေကြောင်း။**

လိမ်လည်စွပ်စွဲပုတ်ခတ်

ကိုလိုနီလက်ပါးစေ ပြည်တွင်းပုဆိန်ရိုးများသည် မြန်မာတိုင်းရင်းသားများ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ပြည်ထောင်စုကြီးခိုင်မြဲပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ၊ ငြိမ်းချမ်းသာယာပါစေဆိုသည့် မျိုးချစ်စိတ်ဓာတ် မျိုးစောင့်တရားကို တွင်တွင်ဆန့်ကျင်နေကြကြောင်း၊ **မြန်မာနိုင်ငံကို အနောက်အုပ်စုက စီးပွားရေးပိတ်ဆို့ရန် တောင်းဆိုပိတ်ဆို့လိုက်ပြီဆိုလျှင် ဟန်မလုပ်နိုင်အောင် အားရပျော်ရွှင်ကြ၊ နိုင်ငံတွင် မုန်တိုင်းဝင်ပြီဆိုလျှင် နားစွင့်၊ လူအသေအပျောက်မရှိ ပျက်စီးမှုနည်းလျှင် စိတ်ပျက်ကြ၊ ဒီမိုကရေစီဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး အောင်မြင်တော့မည်ဆိုသည်နှင့် မအိပ်နိုင်၊ မစားနိုင်ဖြစ်ကြ၊ နယ်ချဲ့အသံချဲ့စက်များကတစ်ဆင့် နိုင်ငံတော်အပေါ် လိမ်လည်စွပ်စွဲပုတ်ခတ်နေရမှ နေသာထိုင်သာရှိကြသည့်ဘဝဆိုးသို့ ရောက်နေကြသူများဖြစ်ကြောင်း၊** အမှန်မှာ ယင်းလက်ပါးစေများသည် **“မျိုးချစ်စိတ်ပြန်လမ်းမရှိသူများ–မျိုးချစ်စိတ် ပြန်လမ်းမရှိသူများ”** သာဖြစ်ကြောင်း ကြေညာလိုက်ကြောင်း။

နိဂုံးချုပ်တင်ပြရလျှင် မိမိတို့တိုင်းရင်းသားများအားလုံးသည် ပြည်ထောင်စုကြီးကို ထာဝရတည်တံ့လိုကြကြောင်း၊ **အချုပ်အခြာအာဏာ(လွတ်လပ်ရေး) ထာဝစဉ် တည်တံ့ပြီး တိုင်းရင်းသားညီနောင်တို့၏ စည်းလုံးမှုစွမ်းပကားဖြင့် ဖွံ့ဖြိုးတိုးတက် သာယာဝပြောလိုကြကြောင်း၊ ဤဆန္ဒ၊ ဤစေတနာများကို ဖော်ဆောင်ပေးနိုင်မည့် အမျိုးသားညီလာခံကြီး၏ ဆောင်ရွက်ချက်များဖြင့် အခြေခံဥပဒေသစ်ကို လှိုက်လှဲစွာထောက်ခံကြိုဆိုပါကြောင်း** ဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အနာဂတ်အရေး တွေးတောမြော်မြင်

ဆက်လက်၍ ချင်းပြည်နယ် ဖလမ်းမြို့နယ် ရပ်မိရပ်ဖ ဦးသွခ်ဆန်းက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးကို တက်ရောက်ခဲ့ကြသည့် တိုင်းရင်းသားညီနောင် မောင်နှမများသည် အတိတ်သမိုင်းသင်ခန်းစာများနှင့် ပစ္စုပ္ပန်၏ အခြေအနေ အရပ်ရပ်ကို ထောက်ရှုပြီး အနာဂတ်အရေး တွေးတောမြော်မြင်ကာ အပြန်ပြန်အလှန်လှန် ညှိနှိုင်းတိုင်ပင်ကြပြီးမှ အခြေခံမူများကို ချမှတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံမူများသည် ပိုမိုကျယ်ပြန့်ပြီး နိုင်ငံရေးအနှစ်သာရဖြင့် ပိုမို ပြည့်စုံသည်ဆိုသည်ကို ကိုယ်တိုင်ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသော ကိုယ်စားလှယ်ကြီးများ အသိဆုံးဖြစ်ကြောင်း။

ညီလာခံကြီးတွင်ပါဝင်ကြသော လူထုလူတန်းစားအသီးသီးက တိုင်းရင်းသားပေါင်းစုံနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်ကြသောအဖွဲ့များ အပါအဝင် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များသည် အတွေးအခေါ် အယူအဆ အမျိုးမျိုး၊ အမြင်အမျိုးမျိုး ကိုယ်စီကိုယ်ငရှိကြသည်ဖြစ်သော်လည်း ပြည်ထောင်စုကြီးအကျိုးကို ဦးထိပ်ထားပြီး ညှိနှိုင်းဆွေးနွေးအကြံပြုခဲ့ကြသည့်အတွက် ယခုကဲ့သို့ အပြုသဘောဆောင်သည့် ရလဒ်ကောင်းများကို ရရှိခဲ့ကြခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးက ချမှတ်ထားပြီးဖြစ်သည့်အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် ပတ်သက်ပြီး အများအကျိုးထက် ကိုယ်ကျိုးစီးပွားကိုသာ ပိုပြီးကြည့်တတ်သည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာတွင် မမှန်မကန် ဖြားယောင်းသွေးဆောင်မှုများ ပြုလုပ်နေကြကြောင်း၊ အမှန်ဆိုလျှင် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နှိုင်းယှဉ်လျှင် ယခုညှိနှိုင်းချမှတ်ထားသောမူများသည် တိုင်းရင်းသားများအခွင့်အရေးကို မြန်မာနိုင်ငံ၏ပကတိအရှိတရားအပေါ်အခြေခံပြီး အထူးတလည်ပေးအပ်ထားသည်ဆိုသည်ကို ငြင်းချက်မရှိကြောင်း ထင်ရှားလှကြောင်း။

ယခုတလော စက်သုံးဆီ ဈေးနှုန်းမြှင့်တင်မှုကို အကြောင်းပြုပြီး စက်တင်ဘာလဆန်းပိုင်းမှစတင်၍ ဆန္ဒပြလှုပ်ရှားမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ယင်းအခြေအနေကို ကာလကြာမြင့်စွာ စောင့်မျှော်နေခဲ့ကြသော ဗိုလ်ကျစိုးမိုးရေးဝါဒီနိုင်ငံကြီးအချို့နှင့် ပြည်တွင်းသစ္စာဖောက် လက်ပါးစေများသည် တစ်စခန်းထ အရှိန်မြှင့် လှုံ့ဆော်သွေးခွဲမှုများ ပြုလုပ်လာကြကြောင်း၊ ပုဆိန်ရိုးများသည် ပြည်ပက ရေးဆွဲပေးသောဇာတ်ညွှန်းအတိုင်း မိမိနိုင်ငံ၊ မိမိလူမျိုးမျက်နှာကို မထောက်၊ ဂုဏ်သိက္ခာကျဆင်းမှုကို မငဲ့ကွက်ဘဲ တိုင်းဆူပြည်ဖျက်ဇာတ်လမ်းကို အားကြိုးမာန်တက် ကနေကြကြောင်း။

ဗိုလ်ကျစိုးမိုးရေးဝါဒီ၊ ကိုလိုနီလက်သစ်ဝါဒီများ ရေးဆွဲပေးသော ဇာတ်လမ်းများကို(BBC, VOA, RFA)စသည့် ပြည်ပြေးများကြီးစိုးရာ အသံလွှင့်ဌာနများက ဗိန်းဗောင်းတီးပေးနေကြကြောင်း၊ ပြည်တွင်းပုဆိန်ရိုးများသည် ၎င်းအသံလွှင့်ဌာနကြီးများက နေ့စဉ်ညစဉ် ညွှန်ကြားနုတ်ကြောင်းပေးနေသည့်အတိုင်း လိုက်ပါလှုပ်ရှားကာ ရုပ်သေးကကြိုးကို ကပြအသုံးတော်ခံနေကြခြင်းသာဖြစ်ကြောင်း။

တစ်ခဲနက် ကြွေးကြော်

ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ထောက်ခံကြိုဆိုပွဲ အခမ်းအနားတွင် သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်၍ အခမ်းအနားကို ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

သပ်လျှိုသွေးခွဲ

ပြည်တွင်းပြည်ပ ဤဆန့်ကျင်ဘက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကိုပျက်ပြားအောင်၊ ရုပ်သေးရုပ်များ ဖြတ်လမ်းမှအာဏာရရှိအောင် ကာလကြာမြင့်စွာကတည်းက စီမံလုပ်ဆောင်နေကြရာတွင် ပထမကျောင်းသားထုကို သပ်လျှိုသွေးခွဲကြည့်သည်၊ မရသဖြင့် အလုပ်သမားအခွင့်အရေးဗန်းပြပြီး အလုပ်သမားထုကိုသွေးခွဲကြကြောင်း၊ မအောင်မြင်ပြန်သဖြင့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာများကို ဆူပူအုံကြွရေးလမ်းကြောင်းပေါ်ဆွဲခေါ်လာကြကြောင်း၊ ရက်ဖွယ်လိလိ အောက်တန်းကျလှသည့်လုပ်ရပ်များကို ပြစ်တင်ရှုတ်ချလိုက်ပါကြောင်း၊ တိုင်းရင်းသားပြည်သူတွေ၏ကိုယ်စား ဤနေရာကပြောကြားလိုက်ပါကြောင်း။

၎င်းကို မိမိတို့အားလုံးက စည်းလုံးညီညွတ်စွာ ပြည်သူနှင့်အစိုးရလက်တွဲပြီး ပူးပေါင်းတိုက်ဖျက်ကြရန်လိုအပ်ကြောင်း၊ ဖားအော်တိုင်း မိုးမရွာနိုင်ကြောင်း၊ ပြည်တွင်းပြည်ပအဖျက်သမားများကို ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ခြသေ့်မင်းအစာရှာသကဲ့သို့ ရှာဖွေဖော်ထုတ်တိုက်ဖျက်သွားရန်လိုအပ်ကြောင်း။

သို့မှသာ မိမိတို့ အမျိုးသားညီလာခံကြီး၏ အောင်မြင်ခဲ့သည့် အသီးအပွင့်အဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မလွဲမသွေရောက်ရှိ အောင်ပန်းဆွတ်ခူးနိုင်ကြမည်ဖြစ်ကြောင်း။

မိမိတို့ တိုင်းရင်းသားအများစုကြီးသည် **တည်ငြိမ်မှုကို လိုလားကြသည်၊ အေးချမ်းမှုကို နှစ်သက်ကြသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလားကြကြောင်း၊** တိုင်းရင်းသားပြည်သူများ၏ဆန္ဒဖြစ်ကြောင်း၊ ဤဆန္ဒကို အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကသာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း အကြွင်းမဲ့ယုံကြည်ကြောင်း၊ ဤနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရန်အတွက် ပန္နက်တင်အုတ်မြစ်ချပေးနေသည့် အမျိုးသားညီလာခံကြီး၏ ဆောင်ရွက်ချက်များနှင့် ဖြစ်တည်လာမည့် အခြေခံဥပဒေသစ်ကို ထောက်ခံကြိုဆိုခြင်းကလွဲ၍ တခြားရွေးချယ်စရာမရှိပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ချင်းပြည်နယ် မတူပီမြို့နယ်မှ ရပ်မိရပ်ဖ ဦးပဲန်လောမ်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးရာတွင် ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရေးအတွက် ချမှတ်ထားပြီးဖြစ်သည့် အခြေခံမူ ၁၀၄ ချက်အနက်မှ တိုင်းရင်းသားလူမျိုးစုများ၏ အခန်းကဏ္ဍတွင် တိုင်းရင်းသား လူမျိုးစုများ၏ အခွင့်အရေးများ အပြည့်အဝပါရှိသည်ကို အထင်အရှားတွေ့ရကြောင်း၊ အမျိုးသားညီလာခံကို တိုင်းရင်းသား လူမျိုးပေါင်းစုံပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အစည်းများ တက်ရောက်ခွင့်ရှိခြင်းကပင် လူမျိုးစုများ၏ အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း။

လွတ်လပ်စွာ ဆောင်ရွက်ခွင့်

ထို့အပြင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းကဏ္ဍတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိကြကြောင်း၊ ၎င်းအချက်များမှာ–

- **မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်။**
- **လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်။**
- **အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်။**
- **တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ဟူ၍ လည်းကောင်း၊ မည်သူကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကို ဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ၊ နစ်နာဆုံးရှုံးမှုမရှိစေရ**ဟု လည်းကောင်း ဖော်ပြပါရှိခြင်းသည် ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမှ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ပီပြင်စွာ ဖော်ဆောင်ရေး၏ သာဓကအချက်တစ်ခုဖြစ်ကြောင်း တင်ပြလိုကြောင်း။

ညှိနှိုင်းဆွေးနွေးဆုံးဖြတ်

နိုင်ငံတော်က ဒီမိုကရေစီ ရှေ့ခရီးအတွက် ချောချောမွေ့မွေ့ ချီတက်နိုင်ရန် လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနေချိန် လူထုလူတန်းစား အလွှာအသီးသီးမှ ကိုယ်စားလှယ်ကြီးများကလည်း ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ပေါက်လာရန် လိုအပ်သောအခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကာ အပြုသဘောဆောင်သည့် အမျိုးသားရေးလုပ်ငန်းများ လုပ်ဆောင်နေချိန်တွင် **ထနောင်းပင်က မီးတကျီကျီ** ဆိုသကဲ့သို့ အနောက်အုပ်စုနိုင်ငံကြီးနှစ်ခုနှင့် လက်ပါးစေသတင်းမီဒီယာများက မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားကာ ပြည်တွင်းဆူပူအုံကြွမှုများဖြစ်လာအောင် တိုင်းဆူပြည်ပျက် ဇာတ်လမ်းစတင်လာသည်ကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့လာရကြောင်း။

ဤနေရာတွင် အခွင့်သင့်၍ BBC သတင်းဌာနအကြောင်း တင်ပြလိုကြောင်း၊ နိုင်ငံတစ်ခုတွင် အစိုးရ သို့မဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ခုက BBC ၏ မမှန်မကန် လုပ်ကြံရေးသားသော သတင်းမှားကိစ္စ တိုင်ကြားခဲ့လျှင် ဗြိတိန်အစိုးရက BBC သည် ပုဂ္ဂလိကပိုင်လုပ်ငန်းဖြစ်သောကြောင့် ၎င်းတို့အစိုးရနှင့် မသက်ဆိုင်ကြောင်း ဘော်လီဘောပုတ်လေ့ရှိကြောင်း၊ **စကော့တလန် ယာဒ်စုံထောက်အဖွဲ့က နုတ်ထွက်ပြီး BBC အကြံပေးအဖြစ် တာဝန်ယူခဲ့သည့် “ဂျေဟေး” ဆိုသူက နိုင်ငံတစ်ခုအတွင်းသို့ ပြည်ဝင် Visa၊ နိုင်ငံကူးလက်မှတ် မပါလျှင် ဝင်၍မရကြောင်း၊ လေယာဉ်ပျံများသည်ပင် နိုင်ငံတစ်ခု၏ လေပိုင်နက်အပေါ် ဖြတ်ကျော်ပျံသန်းမည်ဆိုလျှင် ဆိုင်ရာနိုင်ငံအစိုးရထံမှ ခွင့်ပြုချက်တောင်းခံရကြောင်း၊ သို့သော် ရေဒီယိုအသံလွှင့်လှိုင်းများမှာ မည်သည့်နိုင်ငံလေပိုင်နက်ကိုမဆို လွတ်လပ်စွာကျူးကျော်ဝင်ရောက်နိုင်ခွင့်ရှိကြောင်း၊ ထို့ကြောင့် ရေဒီယိုလေလှိုင်းကို နိုင်ငံရေးလက်နက်အဖြစ် အသုံးပြုကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း၊ အလားတူ အမေရိကန် VOAကလည်း “ဂျေဟေး” ဝါဒကို လက်ကိုင်ပြုကာ နိုင်ငံရေးအမြတ်ထုတ်တိုက်ခိုက်နေခြင်းကို ကြားသိကြမည်ဖြစ်ကြောင်း။**

ကျွေးမွေးထောက်ပံ့

BBC, VOA မှ လူများသည် မြန်မာတစ်နိုင်ငံလုံးကို အစွန်အဖျား၊ တောကြိုတောကြား ဖုန်းဆက်သည်မှာ လွယ်လိုက်ပြီး အသံကလည်းကြည်၍ ဖုန်းထဲမှအသံနှင့်လုံးဝမတူကြောင်း၊ မြန်မာနိုင်ငံတွင်းမှ ပုဆိန်ရိုးများက ယင်းတို့ပေးထားသည့် အကောင်းစား ဖုန်း၊ အီးမေးလ်နှင့်သတင်းများ လုပ်ကြံပို့ကြောင်း၊ ယင်းသတင်းများရမှ ယင်းတို့ဆီတွင် ကျွေးမွေးထောက်ပံ့ထားသော ဒလန်၊ အမျိုးသား၊ အမျိုးသမီးတစ်ဦးဦးကို မြန်မာနိုင်ငံသတင်းဖြစ်ပွားရာ ဒေသမှ ဒေသခံ အသံမျိုးဖြင့် လိမ်လည်လှည့်ဖြား၊ လုပ်ကြံသတင်းပေးစေခြင်းပင်ဖြစ်ကြောင်း၊ သက်န်းမဝတ်သော သူကလည်း သံဃာယောင်ဆောင်ပြောကြကြောင်း ဆင်ခြင် စဉ်းစားပြီးမှ ယုံကြည်လက်ခံကြပါဟု သတိပေးပြောကြားလိုက်ပါကြောင်း။

ထို့ကြောင့် မိမိတို့ နိုင်ငံသားတိုင်းရင်းသားများအနေဖြင့် ကိုလိုနီလက်သစ် ဝါဒီအနောက်အုပ်စုနိုင်ငံကြီးများ၏ လက်ပါးစေ သတင်းဌာနများက ထုတ်လွှင့်နေသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သတင်းများ၊ တိုင်းဆူပြည်ပျက် သတင်းများကို ဆင်ခြင်တုံတရားဖြင့် ချင့်ချိန်နားထောင်ကြရန် အလေးအနက်မှာကြားလိုကြောင်း။

ကြိုးပမ်းလုပ်ဆောင်

ဒီမိုကရေစီစနစ် ဖြစ်ထွန်းတည်တံ့စေရန်အတွက် ဈေးကွက်စီးပွားရေးစနစ် ပီပြင်အောင်မြင်ရန် လိုအပ်ကြောင်း၊ ဈေးကွက်စီးပွားစနစ် အောင်မြင်ရန်အတွက်လည်း နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် အမျိုးသားစည်းလုံးညီညွတ်မှုလိုအပ်ပြန်ကြောင်း၊ ထို့ကြောင့် တည်ဆဲအစိုးရသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့်အမျိုး သားစည်းလုံးညီညွတ်မှု ခိုင်မာအောင်ကြိုးပမ်းလုပ်ဆောင်နေသည်ကို အထင်ကရ တွေ့ရမည်ဖြစ်ကြောင်း။

ဤအခြေခံများနှင့် ပြည့်စုံမှသာ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ဤတာဝန်များကို အမျိုးသားညီလာခံကြီးက ဖော်ဆောင်နေခြင်းဖြစ်သောကြောင့် ကျင်းပပြီးစီးသွားသည့် အမျိုးသားညီလာခံကြီး၏ ဆောင်ရွက်ချက်များနှင့် ဖြစ်တည်လာမည့် အခြေခံဥပဒေသစ်အပေါ် ထောက်ခံကြိုဆိုခြင်းမှတစ်ပါး အခြားမရှိကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အတည်ပြုဆုံးဖြတ်

ထို့နောက် သဘာပတိက အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်း အဆိုနှင့် ထောက်ခံဆွေးနွေးခြင်းတို့နှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားများကို ရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး–ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး (ဒို့အရေး–ဒို့အရေး)၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (ဒို့အရေး–ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်–အောင်ရမည်)ဟူသည့် ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြကာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ပါကစ္စတန်တွင်ပစ်ခတ်မှု၊ ဗုံးပေါက်ကွဲမှုများကြောင့် အမြောက်အမြားသေဆုံး အီရတ်၊ အာဖဂန်တို့တွင် လမ်းဘေးဗုံးနှင့် အသေခံဗုံးခွဲမှုများ အဆက်မပြတ်ဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ကာဒီမီယက်ချ်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် အောက်တိုဘာ ၁၀

အီရတ်နိုင်ငံမြောက်ပိုင်း လူစည်ကားရာ ရင်ပြင်တစ်ခုတွင် အောက်တိုဘာ ၈ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အရပ်သားလေးဦး ဒဏ်ရာရခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းတစ်ရပ်၌ ဖော်ပြသည်။

ပေါက်ကွဲ

ကာဒီမီယက်ချ်မြို့ဝန်းကျင် ဆာလာဟူဒင်ရင်ပြင်အနီး ရပ်ထားသော ခရီးသည်တင် မီနီဘတ်စ်ကားများအနီး၌ ယင်းနေ့မွန်းတည့်ချိန်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ထိခိုက်ဒဏ်ရာရ

ထိခိုက် ဒဏ်ရာရသူများကို နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်နေစဉ် လုံခြုံရေးတပ်ဖွဲ့များက အခင်းဖြစ်ပွားရာ နေရာသို့ အဝင်အထွက် ပိတ်ဆို့ထားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် အနီးရှိယာဉ်နှစ်စီး ပျက်စီးခဲ့ကြောင်း ၎င်းသတင်းတွင် ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်တွင်တိုက်ပွဲများဖြစ်ပွားမှုကြောင့် သုံးရက်အတွင်း ၂၀၀ ခန့်သေဆုံးခဲ့

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၀

ပါကစ္စတန်အနောက်ပိုင်းရှိ ဝါဇီရစ္စတန်ပြည်နယ် မြောက်ပိုင်းတွင် အောက်တိုဘာ ၆ ရက်မှ စတင်ကာ လက်နက်ကိုင်များနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ သုံးရက်အတွင်း အနည်းဆုံး လက်နက်ကိုင် ၁၅၀နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၄၅ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ဝါဟိဒ်အာရှက်ဒ်က အောက်တိုဘာ ၉ ရက်၌ ပြောကြားသည်။

ဖော်ပြ

ထိုသို့ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် လက်နက်ကိုင် ၅၀ နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၀ လည်းဒဏ်ရာရခဲ့ကြောင်း စစ်ဘက်ဆိုင်ရာတပ်တွင်း ပြည်သူ့ဆက်ဆံရေးဌာန(အိုင်အက်စ်ပီအာရ်)၏ သတင်းတစ်ရပ်တွင်ဖော်ပြသည်။

ပျောက်ဆုံး

ဝါဇီရစ္စတန်ပြည်နယ် မြောက်ပိုင်းတွင် အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းက လက်နက်ကိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီးနောက် တပ်ဖွဲ့ဝင် ၃၇ဦးမှာ ပျောက်ဆုံးနေကြောင်း အာရှက်ဒ်က ထုတ်ဖော် ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်တောင်ပိုင်း၌အသေခံဗုံးခွဲ၊ နှစ်ဦးဒဏ်ရာရ

ကဘူးလ် အောက်တိုဘာ ၁၀

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်းပြည်နယ်တောင်ပိုင်းတွင် အောက်တိုဘာ ၈ရက်က နေတိုးတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားသော အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သား နှစ်ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်ရဲအကြီးအကဲက ပြောကြားသည်။

အသေအပျောက်မရှိ

ယင်းပြည်နယ်တွင် ၎င်းနေ့ နံနက် ၉နာရီ ၂၅မိနစ်က နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အကူအညီ ပေးရေးအဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ ယာဉ်တန်းဘေးသို့ ဝင်ရောက်ကာ လူတစ်ဦး အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့သည်။ အာဖဂန်နှင့် အိုင်အက်စ်အေအက်ဖ် တပ်ဖွဲ့ဝင်များ အသေအပျောက် မရှိကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

သေဆုံး

၎င်း တိုက်ခိုက်မှုမျိုးကို တာလီဘန် လက်နက်ကိုင်များ မကြာခဏ လုပ်ဆောင်လေ့ရှိသည်။ အာဖဂန်နစ္စတန်တွင် ယခုနှစ်အတွင်း တာလီဘန်တို့၏ အကြမ်းဖက်မှုကြောင့် ပြည်သူ ၅၀၀၀ ကျော် သေဆုံးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်တစ်ဝန်းအကြမ်းဖက်မှုများကြောင့် သေဆုံးသူ၅၆ဦးရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၁၀

အီရတ်နိုင်ငံမြောက်ပိုင်းတွင် အောက်တိုဘာ ၉ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအလုပ်လုပ်ကိုင်နေသည့် ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးနှင့် လူမျိုးနွယ်စု ခေါင်းဆောင်တစ်ဦးတို့ကို ပစ်မှတ်ထား တိုက်ခိုက်သော ကားဗုံးခွဲမှုနှစ်ခု ဖြစ်ပွားခဲ့ရာ ၂၂ဦး သေဆုံးခဲ့ကြောင်း၊ နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်မှုကြောင့် သေဆုံးသူ ၅၆ ဦး ရှိသွားပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

သေဆုံး

ဘဂ္ဂဒက်မြို့လယ်တွင် ကားလေးစီးပါယာဉ်တန်းကို အစောင့်အရှောက်အဖြစ်လိုက်ပါသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ကားတစ်စီးကို ပစ်ခတ်မှုကြောင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကြောင်း အစိုးရက ထုတ်ပြန်ကြေညာသည်။

ဆိုးရွား

ထို့အပြင် အခြားဗုံးခွဲမှုတစ်ခုကြောင့် လူ ၁၂၀ နီးပါးဒဏ်ရာရခဲ့ကြောင်း၊ ဥပုသ်လဖြစ်သည့် ယခုလအတွင်း အဆိုးရွားဆုံးဖြစ်ရပ်များအနက် တစ်ခုဖြစ်ကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

အီရတ်နိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်က ဘလက်ဝါးတားလုံခြုံရေးကုမ္ပဏီ၏ ပစ်ခတ်မှုကြောင့် လူ၁၇ဦး သေဆုံးမှုနှင့်ပတ်သက်၍ ပုဂ္ဂလိက လုံခြုံရေးကန်ထရိုက်တာများအပေါ် ပြည်သူလူထု၏ ဒေါသဖြစ်ပွားမှုများ မြင့်မားလျက်ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



- **စနေဂြိုဟ်၏ အရံလတစ်စင်းတွင် အချို့အစိတ်အပိုင်းများမှာ အဖြူရောင်ရှိပြီး အချို့အစိတ်အပိုင်းများမှာ အမည်းရောင်ဖြစ်နေကြောင်း ကက်စီနီ အာကာသလေ့လာရေးယာဉ်မှ အောက်တိုဘာ ၁၀ရက်က သတင်းနှင့် ဓာတ်ပုံ ပေးပို့ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (ယာပုံ)

- *အမေရိကန်နိုင်ငံမှ လူ၁၀ဦးတင်ဆောင် ပျံသန်းလာသော လေယာဉ်တစ်စင်း အောက်တိုဘာ ၉ရက်က ပျောက်ဆုံးခဲ့ကြောင်း၊ အဆိုပါလေယာဉ်သည် အိုင်ဒါဟိုမြို့မှ ရှယ်လ်တန်မြို့သို့ ပျံသန်းလာစဉ် ပျောက်ဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **စပိန်နိုင်ငံ ဘီလ်ဘာအိုမြို့တွင် အောက်တိုဘာ ၁၀ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။**

- *ဂျာမနီနိုင်ငံအရှေ့ပိုင်း စတန်ဒယ်မြို့အနီး အီလ်ဘေးမြစ်ကို အောက်တိုဘာ ၁၀ရက်က ကူးတို့ယာဉ်ဖြင့် ဖြတ်ကူးစဉ် ကူးတို့ယာဉ်ပေါ်၌ တင်ဆောင်လာသည့် ဂျာမနီတင့်ကားတစ်စီးမြစ်ထဲထိုးကျခဲ့ရာ ဂျာမနီတပ်ဖွဲ့ဝင်တစ်ဦးပါ တင့်ကားနှင့်အတူ ပျောက်ဆုံးသွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

- **တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် အောက်တိုဘာ ၁၀ရက်က နှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး ၁၅ဦးကို ဆေးကုသပေးနေကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *ကိုလံဘီယာနိုင်ငံ အနောက်ပိုင်း ဗီလာဗီစင်စီရိုမြို့လေဆိပ်မှ အောက်တိုဘာ ၈ရက်၌ စတင်ပျံသန်းသွားသော ကိုလံဘီယာတပ်ဖွဲ့ဝင် ၁၅ဦးပါရှိသည့် လေယာဉ်တစ်စင်း ပျောက်ဆုံးလျက်ရှိကြောင်း၊ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **စပိန်နိုင်ငံအရှေ့မြောက်ဘက်ကမ်းလွန်တွင် အောက်တိုဘာ ၁၀ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၂ ရှိသော ငလျင်တစ်ခုလှုပ်သွားကြောင်း၊ ဆူနာမီ သတိပေးချက်ထုတ်ပြန်ခြင်း မရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀မှ ယနေ့အထိ ကမ္ဘာပေါ်တွင် အကောင်းဆုံး လေဆိပ်အဖြစ် ဆုရရှိခဲ့သည်ကို ဗြိတိန်နိုင်ငံ ခရီးသွားမဂ္ဂဇင်း၌ အောက်တိုဘာ ၉ရက်က ဖော်ပြထားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။* **(အောက်ပုံ)**

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ စစ်ကိုင်းတိုင်း ကသာမြို့နှင့် မြင်းမူမြို့၌ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြ သွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် စစ်ကိုင်းတိုင်း ကသာမြို့နှင့် မြင်းမူမြို့တို့မှ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၇ ရက်နှင့် ၉ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

ကသာ

ကသာမြို့၌ ပြည်သူအင်အား ၁၅၈၀၀ ကျော်တို့သည် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီတွင် မီတာ (၄၀၀) အားကစားကွင်းအတွင်းမှ လမ်းမတော်လမ်း၊ ကုန်သည်လမ်း၊ အောင်သပြေလမ်း၊ ရွှေဘုန်းရှိန်လမ်းအတိုင်း၊ ၎င်းမှ မီတာ(၄၀၀)အားကစားကွင်းအတွင်းသို့ လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါး၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံ ၁၄ ခုကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်မှု အန္တရာယ် ဒို့ကာကွယ်၊ ဆူပူ အကြမ်းဖက်သူ ဒို့ရန်သူ၊ ပြည်ပ သွေးထိုးလှုံ့ဆော်မှုများ ရပ်တန်းကရပ်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အမေကျော် ဒွေးတော် မလွမ်းနဲ့၊ ပြည်ပသွေးထိုးမှုများ ဒို့မလိုလား၊ ဆရာဒကာ သွေးစည်းမှု ဒို့ရှေးရှု၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ ရှေ့လုပ်ငန်းစဉ် (၇)ရပ် အောင်ရမည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍လှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ကသာမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။

(သတင်းစဉ်)

ပြည်သူ့ဆန္ဒဖော်ထုတ်

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မြင်းမူမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။

(သတင်းစဉ်)

မြင်းမူ

အလားတူ မြင်းမူမြို့၌ ပြည်သူအင်အား ၁၄၅၀၀ ကျော်တို့သည် အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် မြင်းမူမြို့ ပြည်သူ့အားကစားကွင်းမှ မုံရွာ-မန္တလေး ကားလမ်းမကြီးအတိုင်း၊ ၎င်းမှ မြို့မဈေးသို့ လှည့်လည်၍ ဒို့တာဝန်အရေး(၃)ပါး၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများအလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံများကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူမှုကို မလိုလား၊ ပြည်တွင်း ပြည်ပ အဖျက်သမားများ သတိထား၊ အမျိုးသားညီလာခံကို ကြိုဆိုသည်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကြိုဆိုသည်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်ရမည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဒေါက်မြို့၌ စိုးရိမ်ရေမှတ်ကျော်လွန်

နေပြည်တော် အောက်တိုဘာ ၁၀

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၃၂စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် အထက်၆၂ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက်၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ ယမန်နေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

(ခ)အုပ်စု ပဒုမ္မာအားကစားကွင်း(စမ်းချောင်း)၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု စလင်းအားကစားကွင်း(ကြည့်မြင်တိုင်)၌ကျင်းပသော ပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(လေ)ဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၁၁-၁၀-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၀-၂၀၀၇ (ကြာသပတေးနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	"အလှသုံးမျိုး" တရားတော် (အရှင်ကုဝေရသာရ)
၇:၅၅ - ၁:၅၅	ထူးခြားသောဘူမိ အနေအထားနှင့်ဖူးမဝသောကျိုက်ထီးရိုးစေတီ
၈:၀၅ - ၂:၀၅	တေးဂီတအစီအစဉ်
၈:၁၀ - ၂:၁၀	ပြည်တွင်းအနုပညာရေးရာ
၈:၄၀ - ၂:၄၀	သစ္စာတရားဖြန့်ဖြူးရာဝယ် [ဒေါက်တာချစ်ငယ် (ဒုဿန) Ph.D]
၉:၁၅ - ၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ - ၃:၂၅	ကလေးမှာထင်ရှား "ရွှေမင်းဘုရား"
၉:၃၅ - ၃:၃၅	တေးဂီတအစီအစဉ်
၉:၄၅ - ၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ - ၃:၅၀	သင်ယူလေ့လာဂီတပညာ (ကိုစိုး) (အပိုင်း-၁၀)
၁၀:၁၀ - ၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅ - ၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀ - ၄:၂၀	နွယ်မြက်သစ်ပင် ဆေးဖက်ဝင် (ခံတက်ရွက်)
၁၀:၃၀ - ၄:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀ - ၄:၄၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမဋ္ဌုနှင့် တွေ့ဆုံခြင်း)
၁၁:၃၀ - ၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅ - ၅:၃၅	တန်ခိုးဝေဖြာရွှေဘုံသာမုနိစေတီတော်မြတ်ကြီးမှာ
၁၁:၄၅ - ၅:၄၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၅၀ - ၅:၅၀	Diploma Guide (Business Administration Diploma) အကြောင်းသိကောင်းစရာ
၁၂:၀၅ - ၆:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀ - ၆:၁၀	သန္တရာသလွင်ပြင် (ဓမ္မပဒဆွေးနွေးခန်း) (အပိုင်း-၃)
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမက(၂၅)တွင် နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် အောက်တိုဘာ ၁၀

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ ၁၈ရက် နံနက် ၁၀နာရီက အမှတ်(၂၅) အခြေခံပညာ မူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် အမက (၂၅) ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

ဟောပြော

အခမ်းအနားတွင် အမက(၂၅) ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာဖတ်ခြင်းဖြင့် စာပေအကျိုးကျေးဇူးကြီးမားပုံကို ဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

၁၀-၁၀-၂၀၀၇ ကိုထွေး - စုစည်းတင်ဆက်သည်

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေး မြန်မာရွက်လှေအဖွဲ့ ထိုင်းနိုင်ငံ ပတ္တယား၌ လေ့ကျင့်ပြင်ဆင်

ထိုင်းနိုင်ငံ၌ လာမည့် ဒီဇင်ဘာ ၆ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့သည် ရွက်လှေပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံ ပတ္တယားမြို့သို့ အောက်တိုဘာ ၂ ရက်က ကြိုတင်သွားရောက်၍ အပြီးသတ် ပြင်ဆင်လေ့ကျင့်မှုများ (Final Phase Training at Actual Venue) ပြုလုပ်လျက်ရှိကြသည်။

မြန်မာရွက်လှေ အားကစားအဖွဲ့သည် ထိုင်းနိုင်ငံ ပတ္တယားမြို့၌ လေ့ကျင့်စဉ်ကာလအတွင်း ထိုင်းနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံ ဘေတန်မြို့သို့ တိုက်ရိုက်သွားရောက်၍ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ကျင်းပမည့် ၂၀၀၇ ခုနှစ် အာဆီယံသက်ငယ်တန်း ရွက်လှေပြိုင်ပွဲ (ASEAN Open Optimist Sailing Championship 2007)၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာရွက်လှေအားကစား အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးသန်းစိန်၊ လှေများတာဝန်ခံအဖြစ် ဦးမင်းဇော်၊ အထောက်အကူပြုအဖွဲ့ဝင်များအဖြစ် ဦးဇော်ဝမ်းနှင့် ဦးကျော်ကျော်ထွဋ်၊ နည်းပြချုပ်အဖြစ် Mr. Joe Glan Field(အင်္ဂလန်)၊ နည်းပြများအဖြစ် Mr. Nick Roger (အင်္ဂလန်)၊ Mr. Gideon Kliger(အစ္စရေး)၊ Mr. Liam Murray (အင်္ဂလန်)၊ Mr. Callum Mac Donald (အင်္ဂလန်)နှင့် Mr. Stig Pettersen(နော်ဝေ)တို့က တာဝန်ယူဆောင်ရွက်ကြသည်။

လက်ရွေးစင် အမျိုးသားရွက်လှေအားကစားသမားများအဖြစ် အောင်မြင်သူ၊ စိုင်းပြည့်စုံဟိန်း၊ နေလကျော်၊ မင်းမင်း၊ တင်ထူးဇော်၊ ကောင်းကောင်း(ခ)ဂျော်နီ၊ ဖုန်းအောင်ခ နှင့် မင်းခန့်ဖုန်းသွင်၊ လက်ရွေးစင် အမျိုးသမီးရွက်လှေအားကစားသမားများအဖြစ် စုစန္ဒာဝေ၊ ခင်ညိုလင်း၊ သီရိရဲဝင်းနှင့် ဝေပွင့်ဝါးဘိုးတို့ ပါဝင်ကြသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ လေ့ကျင့်ပြင်ဆင်

ထိုင်းနိုင်ငံ၌ လာမည့် ဒီဇင်ဘာ ၆ရက်မှ ၁၅ရက်အထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မွေအားကစားနည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့ရိုးရာလက်ဝှေ့အားကစားအဖွဲ့ကို အားကစားသမားခုနစ်ဦးဖြင့် အပြီးသတ်ရွေးချယ် ဖွဲ့စည်းပြီး အောက်တိုဘာ ၁ ရက်မှ စတင်၍ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

တာဝန်ယူ

မြန်မာ့ရိုးရာလက်ဝှေ့ အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးကျော်ဆန်း(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ ဦးစီးဌာန)၊ နည်းပြချုပ်အဖြစ် ဦးဒေါင်းနီ၊ နည်းပြအဖြစ် ဦးဝင်းဇင်ဦး၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်စိုး (K.L.N)နှင့် ဦးမိုးပုလဲ (ဘိလပ်မြေစက်ရုံ)နှင့် ဦးတင်ဦး(အား/ကာ ဦးစီးဌာန)၊ ဒိုင်လူကြီးများအဖြစ် ဦးအောင်မင်းနှင့် ဦးသန်းလွင်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

ပါဝင်

မြန်မာ့လက်ရွေးစင် ရိုးရာလက်ဝှေ့ အားကစားသမားများအဖြစ် လိုက်ဖလိုင်းဝိတ်တန်း၌ စိုးမိုးဟိန်း(နှစ်ရှည်ဥယျာဉ်ခြံ)၊ ဖလိုင်းဝိတ်တန်း၌ ရွှေကျည်ဆံ(ဘိလပ်မြေစက်ရုံ)၊ဘင်တန်ဝိတ်တန်း၌ စစ်သွေး (ဘိလပ်မြေစက်ရုံ)၊ ဖယ်သာဝိတ်တန်း၌ ဟိန်းညီညီ (အလင်းရောင်)၊ လိုက်ဝိတ်တန်း၌ ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)၊ လိုက်ဝယ်လ်သာဝိတ်တန်း၌ တွေ့မရှောင်(K.L.N)နှင့် ဝယ်လ်သာဝိတ်တန်း၌ သူရရဲအောင်(မြန်မာပြည်သား)တို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် မွေအားကစားနည်းပွဲစဉ်များကို ဒီဇင်ဘာ၇ရက်မှ၁၃ရက်အထိ ထိုင်းနိုင်ငံ Ratchasima Stadium ၌ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ရိုးရာလက်ဝှေ့ အားကစားသမားများကို ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲ ရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည့် ၂၀၀၇ ခုနှစ် စတုတ္ထအကြိမ် မြန်မာ့ရိုးရာ လက်ဝှေ့ ရွှေခါးပတ် ချန်ပီယံလုပွဲမှ ရွှေခါးပတ်ဆုရရှိခဲ့သူများနှင့် မွေအားကစားနည်းနှင့် ကိုက်ညီသည့်ရိုးရာလက်ဝှေ့ကျော်များကို အခြေခံကာ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ရွှေတံဆိပ်ဆုရရှိရေး

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မွေအားကစားနည်း၌ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့က အတန်းလေးတန်း၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကြေးတံဆိပ်လေးခုရရှိခဲ့သည်။ မြန်မာ့ရိုးရာလက်ဝှေ့အားကစားအဖွဲ့သည် ရွှေတံဆိပ်ဆုရရှိရေးအတွက် ထိုင်းနှင့်ဖိလစ်ပိုင်နိုင်ငံတို့မှ လက်ဝှေ့အားကစားသမားများနှင့် အဓိကယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အင်းစိန်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များယှဉ်ပြိုင်

၂၀၀၇ခုနှစ် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသား(အကြီးတန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များကို အောက်တိုဘာ ၁၀ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားအားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

အောက်တိုဘာ ၁၁ရက် **(ယနေ့)** ညနေ ၃ နာရီတွင် ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်အဖြစ် မြို့သစ်(က+ခ) ရပ်ကွက် အသင်းနှင့် စော်ဘွားကြီးကုန်း(ခ)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီ ပြန်လည်ဖွဲ့စည်း

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ဒိုင်လူကြီးကော်မတီကို အောက်တိုဘာ ၃ ရက်က အသစ်ပြန်လည်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီးကော်မတီတွင် အဖွဲ့ဝင်၁၀ဦးပါဝင်ရာ ဥက္ကဋ္ဌအဖြစ် ဦးထွန်းလှအောင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးဘရီ၊ အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်နိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးညွှန့်မောင်၊ ဦးသန်းဝင်း၊ ဦးကျော်ကျော်၊ ဦးမြင့်ကျော်၊ ဦးလှမြင့်လတ်၊ ဦးတင်အောင်(ကပစ)နှင့်ဦးကျန်းရှိန်တို့က တာဝန်ယူ ဆောင်ရွက်ကြသည်။

အာရှ(ယူ-၁၆) ခြေစစ်ပွဲစဉ် မြန်မာဒိုင်သုံးဦး တာဝန်ကျ

အီရန်နိုင်ငံ တီဟီရန်မြို့၌ အောက်တိုဘာ၁၇ရက်မှ ၂၈ရက်အထိကျင်းပမည့် အာရှ အသက်(၁၆)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ခြေစစ်ပွဲစဉ်၌ တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာကွင်းလယ်ဒိုင်လူကြီးများဖြစ်ကြသည့် ဦးလှတင့် (ကာကွယ်ရေး) နှင့် ဦးဝင်းချို(တပ်မတော်-ရေ)၊ အပြည်ပြည်ဆိုင်ရာ အကူဒိုင်လူကြီးဦးထွန်းရီ (ကာကွယ်ရေး)တို့အား အာရှဘောလုံးအဖွဲ့ချုပ် (AFC)မှ တာဝန်ပေးအပ်ထားသည်။

အဆိုပါ မြန်မာဒိုင်လူကြီး သုံးဦးသည် အောက်တိုဘာ ၁၃ရက်တွင် အီရန်နိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်သည်။

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

အက်စ်တိုနီးယားနဲ့ပွဲမှာ မက်ကလာရင် အင်္ဂလန်အတွက် အမှတ်ပြည့်ယူပေးနိုင်ပါ့မလား စကိုလာရီမရှိတဲ့ ပေါ်တူဂီအသင်းရဲ့ ယူရို ၂၀၀၈ ခြေစစ်ပွဲရလဒ်က ဘယ်လိုလဲ

ကိုးကားတင်ပြသူ - မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၁၀

ယူရို ၂၀၀၈ ခြေစစ်ပွဲတွေကို လာမယ့် အောက်တိုဘာ ၁၃ရက်နဲ့ ၁၄ရက်တွေမှာ ဆက်လက်ကစားပါတော့မယ်။ ကမ္ဘာ့ဖလားဘောလုံးပွဲပြီးရင် စိတ်ဝင်စားစရာအကောင်းဆုံး ဘောလုံးပြိုင်ပွဲတစ်ရပ်ဖြစ်လို့ ကမ္ဘာတစ်ဝန်းက ဘောလုံးပရိသတ်တွေလည်း ကိုယ်နှစ်သက်ရာအသင်းတွေကို အားပေးကြဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ မကြာခင်ကစားကြမယ့် ယူရို ၂၀၀၈ ခြေစစ်ပွဲဝင်ပွဲစဉ်တွေအနက် စိတ်ဝင်စားစရာအကောင်းဆုံး ပွဲစဉ်တွေကတော့-

အင်္ဂလန်အတွက် ရွန်နေဂိုးသွင်းပေးမည်လား။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်နှင့် အက်စ်တိုနီးယား

အုပ်စု(င)မှာပါဝင်တဲ့ အင်္ဂလန်အသင်းဟာ လက်ရှိကိုးပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ်၂၀ ရပြီး ခရိုအေးရှားနောက်က ပွဲတူသုံးမှတ်အကွာနဲ့ ဒုတိယနေရာမှာရှိနေပါတယ်။ ပြိုင်ဘက် အက်စ်တိုနီးယားကတော့ ၁၀ပွဲကစားပြီးချိန်မှာ နိုင်ပွဲတစ်ပွဲ၊ သရေပွဲသာရရှိထားပြီး ခြေစစ်ပွဲအောင်ဖို့ မလွယ်တော့တဲ့ အိမ်ဖြည့်အဆင့်သာရှိတဲ့အသင်းပါပဲ။ ပထမအကျော့ အက်စ်တိုနီးယားမြေမှာ သွားကစားခဲ့တဲ့ပွဲမှာ အင်္ဂလန်တို့က သုံးဂိုးပြတ်နဲ့ နိုင်ပွဲရရှိထားပါတယ်။

အင်္ဂလန်အသင်းဟာ တိုက်စစ်မှူး ပြဿနာရှိနေပေမယ့် ရွန်နေနဲ့မိုက်ကယ်အိုဝင်တို့ ပြန်ကစားနိုင်တာကြောင့် နည်းပြမက်ကလာရင် နည်းနည်းတော့ စိတ်အေးရပါလိမ့်မယ်။ အင်္ဂလန် အသင်းတိုက်စစ်မှာ စမစ်၊ ဒီဖိုးနဲ့ ပီတာခရော့ချ်တို့ကို ဝန်းရံနိုင်ရင်တော့ အခြေအနေမဆိုးနိုင်ပါဘူး။ အဓိက ကစားသမားတွေဖြစ်တဲ့ ဂျရတ်၊ လမ်းပတ်၊ တယ်ရီ၊ ဖာဒီနန်၊ ဟားဂရေ့ဗ်နဲ့ဟက်စကီးတို့ ဒဏ်ရာတွေ ရနေလို့ မဖြစ်မနေ ပါဝင်ကစားမယ်ဆိုရင်တောင် ကြံ့ခိုင်မှုတော့ရှိမှာ မဟုတ်ပါဘူး။ အင်္ဂလန်ရဲ့ လက်ရှိအနေအထားကလည်း လက်ကျန်ပွဲတွေအားလုံး အနိုင်ကစားရမှာဆိုတော့ ဒီပွဲကို အင်္ဂလန်တို့ ဝင်ဘလေကွင်းမှာ အနိုင်ကစားမှာသေချာပါတယ်။ အက်စ်တိုနီးယားဟာ အင်္ဂလန်အသင်းကို ဒုက္ခပေးနိုင်တဲ့ ခြေစွမ်းမျိုးလည်းမရှိတာမို့ အင်္ဂလန်တို့ အောင်ပွဲခံမယ့်ပွဲ ဖြစ်ပါလိမ့်မယ်။

အဇာဘိုင်ဂျန်နှင့် ပေါ်တူဂီ

အုပ်စု(က)မှာတော့ နာမည်ကြီး ပေါ်တူဂီတို့ ခြေစစ်ပွဲအောင်ဖို့ ကြိုးစားကစားရပါလိမ့်မယ်။ အုပ်စု(က)မှာ ပိုလန်ဟာ ပွဲတူ ၂၁မှတ်နဲ့ ထိပ်ဆုံးက ဦးဆောင်နေသလို ဖင်လန်က ၁၉မှတ်နဲ့ ဒုတိယနေရာမှာ ရှိနေပါတယ်။ ဒါကြောင့် ပေါ်တူဂီအသင်းဟာ ခြေစစ်ပွဲအောင်ဖို့ အတော်ကြိုးစားရပါလိမ့်မယ်။ အခုအဝေးကွင်းမှာ သွားကစားရမယ့် အဇာဘိုင်ဂျန်နဲ့ပွဲမှာ နည်းပြစကိုလာရီ ပွဲပယ်ပြစ်ဒဏ်ခံထားရလို့ မကိုင်တွယ်နိုင်တာက ပေါ်တူဂီအတွက် နစ်နာမှုတစ်ရပ်ပါပဲ။

ဒါပေမယ့် ပြီးခဲ့တဲ့ပထမအကျော့ ပွဲစဉ်မှာ ပေါ်တူဂီတို့က အဇာဘိုင်ဂျန်ကို သုံးဂိုးပြတ်သွင်းပြီး အနိုင်ယူထားခဲ့တာဆိုတော့ စီရိုနယ်ဒိုတို့အုပ်စု အဇာဘိုင်ဂျန်ကို အနိုင်ကစားပြီး သုံးမှတ်ရဖို့ အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ အုပ်စု (က)မှာ အဇာဘိုင်ဂျန်ဟာ ခြေစွမ်း အညံ့ဆုံးအသင်းဖြစ်တာမို့ အိမ်ကွင်းမှာ အဇာဘိုင်ဂျန်တို့ ပေါ်တူဂီကို မခြိမ်းခြောက်နိုင်ပါဘူး။ ဒါကြောင့် ဒီပွဲရလဒ်က ပေါ်တူဂီ ပေါ်မှာပဲ မူတည်ပါလိမ့်မယ်။ ပေါ်တူဂီအသင်းအတွက်ကတော့ သုံးမှတ်ရဖို့သာ ကြိုးစားရမယ့် ပွဲပါပဲ။

အီတလီနှင့်ဂျော်ဂျီယာ

အုပ်စု(ခ)ရဲ့ဒုတိယနေရာက အီတလီနဲ့ဆဋ္ဌမနေရာက ဂျော်ဂျီယာ တို့ပွဲကတော့ အီတလီတို့ အမှတ်ပြည့်ရမယ့် ပွဲပါပဲ။ အီတလီအသင်းက တိုက်စစ်၊ ခံစစ်မျှတဲ့ အသင်းဖြစ်ပေမယ့် ပထမပိုင်းပွဲတွေမှာ သရေပွဲ၊ ရှုံးပွဲတွေ ကြုံခဲ့ရလို့ အုပ်စု(ခ)ကို ဦးမဆောင်နိုင်ခဲ့ပါဘူး၊ လောလောဆယ်မှာ စကော့တလန်တို့က ကိုးပွဲကစားပြီး ၂၁မှတ်နဲ့ ဦးဆောင်နေတာမို့ အီတလီတို့ဟာ တတိယနေရာက ပြင်သစ်ထက် ပွဲတူ တစ်မှတ်ပဲကွာပြီး ဒုတိယနေရာမှာ ရပ်တည်နေရတာဆိုတော့ အိမ်ကွင်းဆိုပေမယ့် ခြေကုန်ထုတ်ရလိမ့်မယ်။

အီတလီအတွက် နည်းပြ ဒိုနာဒိုနီက ဒီပွဲမှာ ဒဏ်ရာသက်သာသွားပြီဖြစ်တဲ့ တိုက်စစ်မှူးမာတာရာဇီ၊ လူကာတိုနီနဲ့ ကွင်းလယ်ဖန်တီးရှင် ကာမိုရာနီစီတို့ကို ထုတ်သုံးမှာဆိုတော့ အီတလီတို့အိမ်ကွင်းမှာ ဂိုးတွေသွင်းယူနိုင်ပါလိမ့်မယ်။ ဂျော်ဂျီယာအသင်းဟာ နောက်တန်းက ခံစစ်ကြောင်း မလုံတာကြောင့် အီတလီတို့ကို ဂိုးအလှူပေးပြီး အိမ်ပြန်ရကိန်း ဆိုက်မယ့်ပွဲပါပဲ။

စကော့တလန်နှင့် ယူကရိန်း

အုပ်စု(ခ)ရဲ့ ထိပ်ဆုံးက စကော့တလန်အသင်းကို ရှက်ဗ်ချင်ကိုနဲ့ ဘိုရိုနင်အုပ်စုတို့ရဲ့ ယူကရိန်းအသင်း အနိုင်ရဖို့ ခက်ခက်ခဲခဲ ကြိုးစားရပါလိမ့်မယ်။ ရှုံးပွဲတွေများနေတဲ့ ယူကရိန်းအသင်းဟာ ခြေစစ်ပွဲအောင်ဖို့အတွက် ကျန်ပွဲစဉ်တွေ အားလုံး အနိုင်ရမှဖြစ်မှာဆိုတော့ ဒီပွဲကို အိတ်သွန်ဖာမှောက် ကစားမှာ သေချာပါတယ်။ ပြီးခဲ့တဲ့ ပထမအကျော့ပွဲစဉ်တုန်းကယူကရိန်းတို့အိမ်ကွင်းမှာ နှစ်ဂိုးပြတ်သွင်းပြီး အောင်ပွဲခံနိုင်ခဲ့ပေမယ့် အခုပွဲ စကော့တလန်ကွင်းမှာ သိပ်တော့ မလွယ်ပါဘူး။ စကော့တလန်ဟာ ပြင်သစ်အသင်းကို အဝေးကွင်းမှာ မက်ဖာဒန်ရဲ့ဂိုးနဲ့ အနိုင်ယူခဲ့တာဆိုတော့ ယူကရိန်းတို့ လျှော့တွက်ရင် မှားသွားပါလိမ့်မယ်။ နောက်ပြီး စကော့တလန်ဟာ အိမ်ကွင်းရှုံးပွဲ မရှိသေးတာမို့ ဒီပွဲဟာ အိမ်ရှင်တို့ အခွင့်ရေးကောင်းတွေကြုံနိုင်ပြီး အနိုင်နဲ့ သရေ ရလဒ်နှစ်ခုသာ ရွေးချယ်ရမယ့် အနေအထားရှိပါတယ်။

အိုင်ယာလန်နှင့် ဂျာမနီ

ဒီပွဲကတော့ ပွဲကြီးပွဲကောင်းပါပဲ။ အုပ်စု(ဃ)မှာ ဂျာမနီတို့က ရှုံးပွဲမရှိ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ပထမအကျော့အိမ်ကွင်းမှာ ဂျာမနီတို့က တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပေမယ့် အိုင်ယာလန်ကို ခက်ခက်ခဲခဲကစားခဲ့ရတာပါ။ ဒါပေမယ့် ဂျာမနီတိုက်စစ်မှူးတွေဖြစ်တဲ့ ပိုဒေါစကီးတို့အုပ်စုက ဂိုးသွင်းနိုင်ကြသူတွေ ဖြစ်တာကြောင့် အိုင်ယာလန်ကွင်းဆိုပေမယ့် ဂျာမနီတို့ အနိုင်မျှော်လင့်ချက်ထားနိုင်ပါတယ်။ ရှေ့တန်း၊ နောက်တန်း အကောင်းဆုံး အနေအထားရှိတဲ့ ဂျာမနီအသင်းကို ရော်ဘီကိန်းနဲ့ အိုရှေးတို့ ဦးဆောင်တဲ့ အိုင်ယာလန်အသင်းဟာ ခြေရည်တူ ကစားနိုင်ပေမယ့် အနိုင်ရဖို့အထိတော့ သိပ်မလွယ်ဘူး ထင်ပါတယ်။ ဒါကြောင့် အိုင်ယာလန်ခြေကိုကြိုက်ပေမယ့် ဂျာမနီတို့ပဲ အနိုင်ရမယ်လို့ထင်ပါတယ်။

ရိုမေးနီးယားနှင့် နယ်သာလန်

အုပ်စု(ဈ)မှာတော့ ထိပ်တန်း ပြိုင်ဘက်နှစ်သင်းပါပဲ။ ရိုမေးနီးယား အသင်းဟာ ရှစ်ပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေရှုံးပွဲမရှိနဲ့ အမှတ် ၂၀ရနေသလို နယ်သာလန်တို့ကလည်း ရှစ်ပွဲကစား၊ ခြောက်ပွဲနိုင်၊နှစ်ပွဲသရေနဲ့ အမှတ် ၂၀ရရှိထားပါတယ်။ ဒီပွဲဟာ ထိပ်တန်း တိုက်စစ်မှူးတွေပေါ်များတဲ့ နယ်သာလန်အသင်းကို နစ္စတယ်ရွိုင်း၊ ဗန်ပါစီနဲ့ ရှနိုက်ဒါတို့ ဦးဆောင်မှာဖြစ်လို့ ရိုမေးနီးယားတို့ သတိထားရပါလိမ့်မယ်။ နယ်သာလန်အသင်းဟာ ခံစစ်ကြောင်း သိပ်သည်းကျစ်လျစ်တဲ့ အသင်းဖြစ်လို့ ရိုမေးနီးယား တိုက်စစ်မှူး မူတူးဘယ်လိုကျော်ဖြတ်ဂိုးသွင်းမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ရိုမေးနီးယား တိုက်စစ်မှူး မူတူးရဲ့ ဂိုးသွင်းစွမ်းရည်ကို ကြည့်ရမည်။ (ဓာတ်ပုံ-အင်တာနက်)

ဟော်လန်အသင်းအတွက် အဓိကတိုက်စစ်မှူး နစ္စတယ်ရွိုင်း။ (ဓာတ်ပုံ-အင်တာနက်)

ပထမအကျော့ နယ်သာလန်ကွင်းမှာ ကစားခဲ့တဲ့ ရလဒ်က ဂိုးမရှိသရေ ပွဲဆိုတော့ အခုပွဲလည်း ပြိုင်ဆိုင်မှုအားညီနေတဲ့ ဒီနှစ်သင်းဟာ ဒီရလဒ်ပဲ ထွက်ဖို့များနေပါတယ်။ ဒါပေမယ့် အကြိုက်က နယ်သာလန်ပါ။

ဒိန်းမတ်နှင့် စပိန်

အုပ်စု(ဖ)မှာတော့ စပိန်တို့ ၁၉မှတ်နဲ့ ဒုတိယနေရာရှိနေပေမယ့် ထိပ်ဆုံးက ဆွီဒင်နဲ့က အမှတ်တူပါပဲ။ စပိန်အသင်းဟာ အိမ်ကွင်းမှာဒိန်းမတ်ကို ပထမအကျော့ပွဲစဉ်တုန်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် ခြေတက်နေတဲ့ စပိန်ဟာ ဒီပွဲမှာ အခြေအနေကောင်းနိုင်ပါတယ်။ စပိန် တိုက်စစ်မှူးတွေဖြစ်တဲ့ တောရက်စ်နဲ့ဗီဇာတို့အားကိုးနဲ့ ဒိန်းမတ်ကို အနိုင်ရအောင်ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းမှာခြေစွမ်းပြနိုင်တဲ့ ဒိန်းမတ်ဟာ စပိန်ကို မာမာတင်းတင်း တုံ့ပြန်ကစားမှာသေချာတော့ စပိန်တို့အတွက် အနိုင်ရလဒ်ထက် သရေဆိုတဲ့ရလဒ်က ပိုထိုက်တန်မယ်လို့လည်း ထင်နေပါတယ်။ အကြိုက်က စပိန်ဆိုပေမယ့် ဒိန်းမတ်ကလည်း အထင်သေးလို့မရပါဘူး။ ။

မစ်ဒယ်ဘရော့နောက်တန်းကစားသမားဒေးဗစ် ဆောက်သမ်ပတန်သို့ အငှားစာချုပ်ဖြင့် သွားကစားမည်

စုစည်းတင်ပြသူ - မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၁၀

မစ်ဒယ်ဘရော့နောက်တန်းခံစစ်မှူး အင်ဒရူးဒေးဗစ်အား ဆောက်သမ်ပတန်အသင်းက သုံးလ အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၀ရက်၌ ပြောကြားလိုက်သည်။

ကစားပေးခဲ့

အသက် ၂၂နှစ်အရွယ်ရှိ အင်ဒရူးဒေးဗစ်သည် ၂၀၀၂ခုနှစ်ကပင် မစ်ဒယ်ဘရော့အသင်းသို့ ရောက်ရှိ ကစားခဲ့သူဖြစ်သည်။ မစ်ဒယ်ဘရော့ အသင်းအတွက် စုစုပေါင်း ၆၅ပွဲပါဝင် ကစားပေးခဲ့ပြီးသူ နောက်တန်းကစားသမားတစ်ဦးလည်းဖြစ်သည်။

အင်ဒရူးဒေးဗစ်သည် ရိန်းဂျားနှင့်ဒါဘီအသင်းတို့တွင်လည်း အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ဖူးပြီး ယခုအခါ ဆောက်သမ်ပတန်အသင်းတွင် အငှားစာချုပ်ဖြင့် သုံးလတာသွားရောက် ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ရွှေတံဆိပ်ဆွတ်ခူးသွားသည့် ဇင်ဘာဘွေ ရေကူးသမား နီမိုရီကဝါရမ်ဒါ။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၇ ရှန်ဟိုင်းအထူး အိုလံပစ်ပြိုင်ပွဲ ဇင်ဘာဘွေရေကူးသမား ရွှေတံဆိပ်ရရှိ

ဟာရာရေး အောက်တိုဘာ ၁၀

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပလျက်ရှိသည့်၂၀၀၇ခုနှစ်အထူး အိုလံပစ် အားကစားပြိုင်ပွဲ အမျိုးသား ၂၅မီတာရေကူးပြိုင်ပွဲတွင် ဇင်ဘာဘွေ ရေကူးသမားနီမိုရီကဝါရမ်ဒါက အနိုင်ရဗိုလ်စွဲပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

ရွှေတံဆိပ်ရရှိ

နောက်ထပ်ရေကူးပြိုင်ပွဲတွင် ဇင်ဘာဘွေရေကူးသမား အက်ရှန်ဂျာနက်ကာရာက ၂၅မီတာနောက်ပြန် ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည်။ ယင်း၏ ရေကူးစံချိန်မှာ ၂၁ဒသမ ၇၅စက္ကန့်ဖြစ်သည်။

နောက်ထပ်ဇင်ဘာဘွေရေကူးသမား တီနာရှီမင်ဒီဇာက မီတာ၅၀ စိတ်ကြိုက် ရေကူးပြိုင်ပွဲတွင် ၃၈ဒသမ ၈ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

၁။ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ၂၀၀၇ခုနှစ် မတ်လတွင်ကျင်းပခဲ့သော ပဉ္စမနှစ် အင်ဂျင်နီယာဘွဲ့နှင့် ပဉ္စမနှစ်သိပ္ပံ(ဂုဏ်ထူး) ဘွဲ့စာမေးပွဲများကိုဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

၂။ **ကျင်းပမည့်နေ့ – ၁၆–၁၂–၂၀၀၇ (တနင်္ဂနွေနေ့)**
ကျင်းပမည့်နေရာ – ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်တက္ကသိုလ်)
ကျင်းပမည့်အချိန် – နံနက် ၀၉:၀၀ နာရီ
အစမ်းလေ့ကျင့်မည့်ရက် – ၁၅–၁၂–၂၀၀၇ (စနေနေ့)
အစမ်းလေ့ကျင့်မည့်အချိန် – နံနက် ၀၉:၀၀ နာရီ

၃။ ဘွဲ့လျှောက်လွှာပုံစံများကို နှစ်လအတွင်းရိုက်ကူးထားသော (၂လက်မ x ၁ ½ လက်မ)အရွယ် ဓာတ်ပုံသုံးပုံနှင့် မှတ်ပုံတင်မိတ္တူတစ်စုံ ပူးတွဲ၍ ၉–၁၁–၂၀၀၇ရက်နေ့ နောက်ဆုံးထားပြီး ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ဝယ်ယူဖြည့်စွက်လျှောက်ထားနိုင်ပါသည်။

၄။ ဘွဲ့နှင်းသဘင် တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ) ပေးသွင်းရပါမည်။ စာတိုက်မှငွေပေးပို့မည်ဆိုပါက ငွေပို့လွှာတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ လိပ်မူ၍ အမည်၊ခုံအမှတ်၊အောင်မြင်သည့် ခုနှစ်နှင့်လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာနှင့် နေရပ်လိပ်စာတို့ကို ဖော်ပြရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ဘွဲ့ဝတ်စုံ ထောက်ခံစာများကို ၁၀–၁၂–၂၀၀၇ရက် (တနင်္လာနေ့)မှစ၍ ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ အစမ်းလေ့ကျင့်သည့်နေ့နှင့် ဘွဲ့နှင်းသဘင်ကျင်းပသည့်နေ့များတွင် အမျိုးသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့် ဝတ်ဆင်ရမည်ဖြစ်ပြီး ဘွဲ့ယူမည့်သူများနှင့်ဧည့်သည်တော်များသည် အခမ်းအနားမစတင်မီ မိနစ်(၃၀) ကြိုတင်၍ ခန်းမအတွင်းရောက်ရှိနေရာယူပြီးဖြစ်ရပါမည်။

၇။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မှူးမှူးဝင်းရှိန်
မော်ကွန်းထိန်း
(စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်)
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးမြို့နေ(ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း)–ဒေါ်မြင့်ကြည်ကြည် (ပဲခူး၊ အထက–၃၊ ငြိမ်း)တို့၏သားထွေး

ဗိုလ်ကြီးတေဇာမြင့်သိန်း B.E (E.P) (D.S.T.A) M.E (Electrotechnologies)

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်ဝေ(Director, N.W.I Co., Ltd.)–ဒေါ်စုစုသိန်း(သစ်လုပ်ငန်း၊ ငြိမ်း)တို့၏သမီး/တူမ
ပဲခူးမြို့နေ ဦးကျော်လှ(မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)–ဒေါ်ခင်ဆွေသိန်း(သစ်လုပ်ငန်း၊ ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

မယုမွန်ကျော်လှ A.G.T.I (EP), B.Sc (Maths, Q) M_2 (Engineering Maths) Y.U
(ကမ္ဘာထွန်းကွန်ပျူတာစာစီစာရိုက်၊ မိတ္တူ)

တို့ကို ၂၃–၉–၂၀၀၇ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးတေဇာမြင့်သိန်း–မယုမွန်ကျော်လှ။

မွေးသက္ကရာဇ်အမှန် တောင်ကြီးမြို့၊ အထက(၅)တက္ကသိုလ်ဝင်တန်း(A)မှ မဝင်းဝင်းအေး၏ မွေးသက္ကရာဇ်အမှန်မှာ ၅–၈–၁၉၈၂ ဖြစ်ပါကြောင်း။



မှတ်သားဖွယ်ရာမိုးရေချိန်

၁၀–၁၀–၂၀၀၇

စစ်တွေ
၄ ဒသမ ၅၇ လက်မ

မောင်တော
၄ ဒသမ ၀၉ လက်မ

ကျောက်တော်
၁ ဒသမ ၈၅ လက်မ

ခန္တီး
၁ ဒသမ ၂၆ လက်မ

မင်းဘူး
၀ ဒသမ ၅၅ လက်မ





သင့်သွေးဖြင့် အသက်ကယ်ပါ

The Live News ဂျာနယ် အမှတ်(၅၅)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၀

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၅၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အိန္ဒိယသမ္မတနိုင်ငံမှဝယ်ယူခဲ့သော စက်ခေါင်းများဖြင့် အထူးကုန်ရထားများပြေးဆွဲမည်၊ လှိုင်သာယာစက်မှုဇုန် အချိန်ပြည့်မီးလင်းစေရန် ကျပ်သိန်း ၅၀၀ အကုန်အကျခံစီစဉ်၊ အပိုပစ္စည်းပေါသော ကွန်ပျူတာအဟောင်းများ အဝယ်လိုက်၊ စိန်အကြွေနှင့် စိန်ထည်ပစ္စည်းသိန်း ၄၀၀ကျော်ဖိုး လိမ်လည်ခဲ့သည်ဆိုသူအား အမှုဖွင့်အရေးယူ၊ တစ်ကိုယ်တော်အခွေ မထွက်ဖြစ်တာ လေးနှစ်ကြာပြီဖြစ်တဲ့ စည်သူလွင်၊ စာအုပ်သိုက်တူးခြင်း၊ မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ၊ နားလည်မှု၊ ကုန်သေးတန်တစ်ဖြစ်လဲ ကုန်ဈေးတန်းလမ်း (Edward Street)၊ အီရတ်မှအမေရိကန်တပ်များ ၂၀၀၉ခုနှစ်ဆန်း၌ ရုပ်သိမ်းရေး ဒီမိုကရက်တို့ ကြိုးပမ်းသွားမည်၊ ဘလက်ဝါးတားကို ထိန်းချုပ်ရန် အမေရိကန်အစိုးရအမိန့်ထုတ်၊ အမေရိကန်အား ကုန်သွယ်ရေးနည်းဗျူဟာဖြင့်လက်တုံ့ပြန်မည့် ဗင်နီဇွဲလားနှင့် ဘရာဇီး၊ ပြင်သစ်သမ္မတ ဆာကိုဇီရဲ့ နိုင်ငံရေး ပညတ်တော် ၁၀ပါး၊ တက္ကစီမင်းနှင့် အပျော်ပိုး၊ ၂၀၀၇ခုနှစ် အောက်တိုဘာလ ၁၃ရက်မှ အောက်တိုဘာလ ၁၉ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း) နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်နှင့် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

အင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း မျိုးဆက်သစ် အင်ဂျင်နီယာများက ကြီးမှူး၍ ဦးဝင်းခိုင် (အထွေထွေအတွင်းရေးမှူး၊ MEs) (Chairman. United Engineering Co., Ltd.) က Energy Conservation and Climate Change ခေါင်းစဉ်ကိုလည်းကောင်း၊ ဦးအောင်မြင့် (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ MEs) (ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)က Regional Road Transport Net- work in Myanmar ခေါင်းစဉ်ကိုလည်းကောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၌ အောက်တိုဘာ ၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှညနေ ၄နာရီအထိ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်သည်။ **(က–ပ)**

အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့်မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၁၀

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ရက် နံနက် ၇နာရီခွဲတွင် ကျောက်ကြီးမြို့နယ် သံဘိုကျေးရွာနေ ဦးတင်မောင်၏သား ဦးထွန်းမြင့် အသက်(၃၇)နှစ်၊ ဦးတင်မြင့်၏သား ဦးပီတာ အသက်(၃၅)နှစ်၊ ဦးကြည်သန်း၏သား အောင်မင်းဦး အသက်(၂၈)နှစ်၊ ဦးစိုးတင့်၏သား ဦးတင့်လွင် အသက်(၄၀)၊ ဦးတင်အေး၏သား နိုင်ဝင်း အသက်(၂၇)နှစ်နှင့် ဦးမြင့်စိုး၏သား သက်နိုင် အသက်(၂၈)နှစ်တို့သည် တောတွင်းမှ ဖာလာခူးပြီးပြန်လာစဉ် တုံးတံတားကျေးရွာအနီးသို့အရောက်၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် အောင်မင်းဦး အသက်(၂၈)နှစ်မှာ မိုင်းထိမှန်ဒဏ်ရာဖြင့် အဆိုပါနေရာ၌ပင်သေဆုံးပြီး ဦးတင့်လွင်၏ ဘယ်ဘက်နှင့် ညာဘက်လက်ဖျံများနှင့်ကျောကုန်းတို့တွင်လည်းကောင်း၊ ဦးသက်နိုင်၏ လည်ပင်းနှင့်ညာဘက်လက်ဖျံတို့တွင်လည်းကောင်း မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ဦးတင့်လွင်နှင့် ဦးသက်နိုင်တို့အား သက်ဆိုင်ရာတာဝန်ရှိသူများက ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစဉ်ရှင်သန်ဖွံ့ဖြိုးနေသည့် သိပ္ပံနှင့်နည်းပညာကဏ္ဍ

မောင်သိပ္ပံ

မျက်မှောက်ခေတ်၌ နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက် အအုံများ၊ စီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အအုံများနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံများကို တည်ဆောက်ရာတွင်သိပ္ပံနှင့် နည်းပညာတတ်ကျွမ်းသည့် လူ့စွမ်းအား အရင်းအမြစ် များဖြင့် တည်ဆောက်လျက်ရှိသည်။ အဆိုပါ လူ့စွမ်း အား အရင်းအမြစ်များ အစဉ် ရှင်သန်ဖွံ့ဖြိုးနေစေရန် အတွက် သိပ္ပံနှင့်နည်းပညာကဏ္ဍ အဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်း သီလဝါ စက်မှုနယ်မြေရှိ ရေကြောင်းပညာတက္ကသိုလ်။

ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာမှုနှင့်အတူ သိပ္ပံနှင့်နည်းပညာကဏ္ဍကလည်း ထပ်ကြပ်မကွာ လိုက်ပါ ဖွံ့ဖြိုးလာသည်။ စက်မှုနည်းပညာ ဖွံ့ဖြိုးလာမှု နှင့်အတူ သိပ္ပံနှင့်နည်းပညာများကလည်း အရှိန်အဟုန် မြင့်မားလာသည်။ ထိုသို့မြင့်မားလာစေရန်အရှိန်အဟုန် မြှင့်ပေးမှုမှာလည်း အားရဖွယ်ဖြစ်သည်။ **တစ်ချိန်သော ကာလက အင်ဂျင်နီယာပညာ သင်ယူလိုလျှင် ရန်ကုန် သို့ လာရသည်။ ကွန်ပျူတာပညာရှင်ဖြစ်လိုလျှင် ရန်ကုန်သို့ သွားရသည်။ ထိုစဉ်က ဖွင့်ထားသော တက္ကသိုလ် နှင့်သိပ္ပံများ၌လည်း ကျောင်းသားအရေ အတွက် ကန့်သတ်ချက်ရှိခဲ့သည်။ အကြောင်း အမျိုးမျိုး ကြောင့် ရည်မှန်းချက်နှင့်ဝေးရသူများလည်း ရှိသည်။ မျက်မှောက်ကာလ၌နေရာဒေသတိုင်းတွင် ပညာရေး အလင်းတံခါးများ ပွင့်နေပြီဖြစ်သည်။**

တစ်ချိန်သောကာလက အင်ဂျင်နီယာ ပညာသင်ယူလိုလျှင် ရန်ကုန်သို့ လာရသည်။ ကွန်ပျူတာပညာရှင် ဖြစ်လိုလျှင် ရန်ကုန်သို့ သွားရသည်။ ထိုစဉ်က ဖွင့်ထားသော တက္ကသိုလ် နှင့် သိပ္ပံများ၌လည်း ကျောင်းသား အရေအတွက် ကန့်သတ်ချက်ရှိခဲ့ သည်။ အကြောင်း အမျိုးမျိုး ကြောင့် ရည်မှန်းချက်နှင့် ဝေးရသူ များလည်းရှိသည်။ မျက်မှောက် ကာလ၌ နေရာဒေသတိုင်းတွင် ပညာ ရေးအလင်းတံခါးများ ပွင့်နေပြီ။

မန္တလေးတိုင်း မိတ္ထီလာမြို့နယ်တွင် တည်ဆောက်ထားသည့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ်ကို တွေ့ရစဉ်။

၂၀၀၇ခုနှစ်အတွင်း တိုးတက်မှုများကို ပြန်ကြည့် လျှင် ဇန်နဝါရီလ ၁၉ရက်နေ့တွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနက အစိုးရစက်မှုလက်မှု သိပ္ပံ (မိုးညှင်း)အား အစိုးရနည်းပညာကောလိပ် (မိုးညှင်း)အဖြစ်သို့ လည်း ကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေဘို)အား အစိုးရ နည်းပညာ ကောလိပ် (ရွှေဘို)အဖြစ်သို့လည်းကောင်း၊ အစိုးရ စက်မှုလက်မှုသိပ္ပံ (စစ်ကိုင်း)အား အစိုးရ နည်းပညာကောလိပ်(စစ်ကိုင်း) အဖြစ်သို့ လည်း ကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ)အား အစိုးရ နည်းပညာကောလိပ် (မြင်းခြံ)အဖြစ်သို့ လည်းကောင်း သိပ္ပံနှင့် နည်းပညာအဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။ ဇန်နဝါရီလ ၂၆ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့တွင် လည်း နည်းပညာတက္ကသိုလ် (မုံရွာ) ကျောင်းဆောင် သစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကွန်ပျူတာ တက္ကသိုလ် (ဘားအံ)။

ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှု လက်မှုသိပ္ပံ (မိုးညှင်း)ပင်မဆောင်ကို တွေ့ရစဉ်။

ယနေ့ကာလတွင် သိပ္ပံနှင့်နည်းပညာကဏ္ဍမှာ သိသိသာသာ ပြောင်းလဲတိုးတက်လာပြီဖြစ်သည်။ ၁၉၈၈ခုနှစ်က နည်းပညာတက္ကသိုလ် တစ်ကျောင်းသာ ရှိရာမှ ယခုအခါ ကျောင်း ၂၉ကျောင်းဖြစ်လာသဖြင့် ၂၈ကျောင်း တိုးတက်လာသည်။ မြန်မာနိုင်ငံတွင် ယခင်က မရှိခဲ့ဖူးသော မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသ ပညာတက္ကသိုလ်နှင့် ရန်ကုန်မြို့ရှိ ရေကြောင်းပညာတက္ကသိုလ်တို့ အသစ် ပေါ်ထွန်းလာခဲ့သည်။ ၁၉၈၈ခုနှစ်က အစိုးရနည်းပညာ ကောလိပ် လုံးဝမရှိခဲ့သော်လည်း ယခုအခါ အစိုးရ နည်းပညာ ကောလိပ်ရှစ်ကျောင်း ဖြစ်ထွန်းလာသည်။ ၁၉၈၈ခုနှစ်က ကွန်ပျူတာတက္ကသိုလ် တစ်ကျောင်းသာ ရှိသော်လည်း ယခုအခါ ကွန်ပျူတာတက္ကသိုလ် ၂၆ကျောင်းဖြစ်လာသဖြင့် ၂၅ကျောင်း တိုးတက်လာ သည်။ ၁၉၈၈ခုနှစ်က အတတ်ပညာ လေ့ကျင့်ရေး သင်တန်းကျောင်း လုံးဝမရှိခဲ့သော်လည်း ယခုအခါ ၁၀ကျောင်းအထိ တိုးတက်ဖြစ်ပေါ်လာသည်။ အဆိုပါ ကျောင်းများမှ လူ့စွမ်းအား အရင်းအမြစ် တစ်သိန်းခွဲ ကျော် မွေးထုတ်ပေးနိုင်ခဲ့သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည် ဆောက်ရာတွင် ရှေ့သို့တစ်ဆင့် တက်လှမ်းလာတော့ မည်ဖြစ်သည်။ လိုအပ်သောပညာရှင်များ ပေါ်ထွန်းရေး အတွက် ကြိုတင်ပြုစု ပျိုးထောင်ပေးနေခြင်းဖြစ်သည်။ သိပ္ပံနှင့်နည်းပညာအခန်းကဏ္ဍ ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း ပေါ်ထွက်လာသောလူ့စွမ်း အား အရင်းအမြစ်များက စက်မှုနိုင်ငံတော်သစ်ကို မြန်ဆန်စွာ တည်ဆောက်နိုင်တော့မည်ဖြစ်သည်။ ။

11-10 (15) 1 10/11/07, 2:21 AM

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ မင်းတပ်၌ကျင်းပ

မင်းတပ် အောက်တိုဘာ ၅

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ အထက(၁) ကျောင်းခန်းမ၌ အောက်တိုဘာ ၁ရက် နံနက်၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ အဘိုးအဘွားများအား ကန်တော့ကြပြီး မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့နှင့် ပတ်သက်၍ ဂါရဝစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

စောင့်ရှောက်မှု

အခမ်းအနားသို့ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး အသက် ၈၀နှင့်အထက် အဘိုးအဘွား ၂၆ဦးအား ကန်တော့ကြကာ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖျာပုံမြို့ လယ်မြေဧက ၃၅၀ အတွင်း ငါးမျိုးစိုက်ထည့်

ဖျာပုံ အောက်တိုဘာ ၉

ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဖျာပုံမြို့နယ် ကျုံတာကျေးရွာအုပ်စုရှိ ဧက ၁၀၀၀ မြို့ဝင်စံပြစိုက်ကွင်း စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၂၇ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်အဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးလွင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း၁၂၀တက်ရောက်ကြပြီး ဖျာပုံမြို့နယ်ရှိ ကျုံတာ၊ သလိပ်ကြီးနှင့် အောက်ကွင်းကျေးရွာများရှိလယ်မြေဧက ၃၅၀ အတွင်း ငါးခုံးမကြီးကောင်ရေ ၁၇၅၀၀၀ကို ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၃၇၉)**

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊အင်ဂျင်နီယာမှူး ဦးတင်ကိုကိုနှင့် လက်ထောက် အင်ဂျင်နီယာ ဦးဘုန်းဇော်အောင်တို့ စက်တင်ဘာ ၆ ရက်က မူဆယ်မြို့ မြို့ပတ်လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

လောင်းလုံးမြို့ အနောက်ပြင်တံတား ကျောက်ပေါင်စီ သစ်သားခင်းခြင်းလုပ်ငန်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူးနှင့်အဖွဲ့ ဩဂုတ် ၂၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အုံးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးဇော်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက် ရေရှည်တည်တံ့ရေးလုပ်ငန်း ရှင်းလင်း

ဖလမ်း အောက်တိုဘာ ၃

ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမန်းစိန်နှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၂၄ရက် မွန်းလွဲ ၂နာရီက ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာ ဟရမ်လိန်းစာကြည့်တိုက်တွင် စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌနှင့် စာကြည့်တိုက် ကော်မတီဝင် ဦးဟရန်နှင်း၊ ဦးပြန်တိစ်နှင့် ဦးလျန်ထပ်တို့က စာကြည့်တိုက် တိုးတက်ရေးအတွက် အဆောက်အအုံရရှိရေး၊ စာအုပ်တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စဥ့်ကိုင်၌ လမ်းပြုပြင်ရန် အလှူငွေပေးအပ်

မန္တလေး စက်တင်ဘာ ၁၈

ကိုယ့်အားကိုယ်ကိုးလမ်းများ ပြုပြင်ရန်အတွက်အလှူငွေပေးအပ်ပွဲကို ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ဟင်းငူကျေးရွာရပ်ကွက်ရုံးတွင် စက်တင်ဘာ ၁၁ရက်နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ အကွက် တာဝန်ခံ ဦးထွန်းက အမှာစကားပြောကြားပြီး လမ်းပြုပြင်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် အတွင်းရေးမှူးတို့က ရွာတွင်းလမ်းများ ပြုပြင်ရေး၊ ကျေးရွာချင်းဆက်လမ်းမှ ဖလံဗိုလ်အထိ ကိုယ့်အားကိုယ်ကိုး ပြုပြင်ရန်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

မှတ်တမ်းလွှာ

ထို့နောက် ဟင်းငူကျေးရွာနေ ဦးမြင့်တင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးထွန်းမြင့် မိသားစု (စိုက်ပျိုးရေးနှင့် မွေးမြူရေး)က ငွေကျပ်ငါးသောင်း၊ လမ်းပြုပြင်ရေး တွဲဖက်အတွင်းရေးမှူး ဦးကိုလေး(တီ)မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးထွန်းရွှေက ငွေကျပ်သုံးသောင်း၊ ဒေါ်ကြည်စိန်နှင့် ညီမများ ကုန်စုံဆိုင်က ငွေကျပ် သုံးသောင်း၊ ကျေးရွာပြည်သူများက စုပေါင်း၍ငွေကျပ် ခုနစ်သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၆၂)**

မြို့နယ်သတင်းများ

လှိုင်းဘွဲ့မြို့အဝင် ဆိုင်းဘုတ်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို ဩဂုတ် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့် ဝန်ထမ်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မန်စီမြို့ ဂျီအီးစီ(ပညာရေး)သမဝါယမနှစ်ပတ်လည် စည်းဝေး

မန်စီ အောက်တိုဘာ ၂

ဗန်းမော်ခရိုင် မန်စီမြို့နယ် ဂျီအီးစီ (ပညာရေး)သမဝါယမအသင်း လီမိတက်၏ ၂၀၀၆-၂၀၀၇ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ၂၈ ရက်က မန်စီမြို့ ဂျိန်းဖော့မြေ ရပ်ကွက် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို လက်ထောက်ပညာရေးမှူး ဦးမြင့်လွင်လေးက ဖတ်ကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးညီညီလေးကကြီးကြပ်၍မန်စီမြို့နယ် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌဦးကျော်အေးက မြို့နယ်ပညာရေးမှူး ပါဝင်သော ဒါရိုက်တာအဖွဲ့ ကိုးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို ရွေးချယ်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စက်တင်ဘာ၂ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့နယ်အတွင်းရှိရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် သရက်မြို့ ဂုံးရပ်ကွက် သံကြိုးလမ်းပေါ်ရှိ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

လွယ်ဂျယ်မြို့ သာယာလှပရေး ပန်းအလှပင်စိုက်ပျိုး

လွယ်ဂျယ် အောက်တိုဘာ ၅

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ် သစ်လွင်တောက်ပစေရေး ဆောင်ရွက်ထားမှုနှင့် ပန်းအလှပင်များ စိုက်ပျိုးထားမှု အခြေအနေတို့ကို စက်တင်ဘာ၁ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏတို့ကလိုက်ပါ၍ ရှင်းလင်း ပြသကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဝါရီရူ(၂) စာကြည့်တိုက် အဆောက်အအုံဖွင့် စာအုပ်မျိုးစုံနှင့် အလှူငွေများပေးအပ်လှူဒါန်း

ပေါင် အောက်တိုဘာ ၅

ပေါင်မြို့နယ် မုတ္တမကျေးရွာ ဝါရီရူ(၂) စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၄ရက် နံနက်၁၁ နာရီက ကျင်းပရာ မုတ္တမကျေးရွာဥက္ကဋ္ဌ ဦးစံရီနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးချစ်လှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ကျေးရွာမှ စေတနာရှင် ပြည်သူများက စာကြည့်တိုက်အတွက် သုတရသ စာအုပ်မျိုးစုံ ၁၅၅အုပ်နှင့် အလှူငွေကျပ် ၁၀၁၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာန်အောင်စေတီအနီး မိုးကုတ်ဝိပဿနာ သုညတဓမ္မကျောင်းတိုက်အတွင်း မဂ္ဂဓမ္မကျောင်း သုံးထပ်ဆောင် မတည်အလှူရှင်များက နှစ်ဖက်သောမိဘများအား အမှူးထား၍ ဒေါ်ကြူကြူသန်း၊ ဦးစိုင်းဖော်ထွန်းသန်း-ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးစိုင်းတင်စိုးသန်း-ဒေါ်မိုးအောင်ဆန်း၊ ဒေါ်နန်းသင်းသင်းသန်းမိသားစုက သိင်္ကန်ထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ နားသ၊ ဓမ္မဒါနအဖြစ် အလှူငွေကျပ်ကိုးသိန်းကို သုညတဓမ္မဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နေပြည်တော် တပ်ကုန်း၌ ဆွမ်းဆန်စိမ်းလောင်းလှူ

နေပြည်တော် တပ်ကုန်း အောက်တိုဘာ ၄

နေပြည်တော်တပ်ကုန်း မြို့လယ်သာသနဝေပုလ္လ စာသင်တိုက်တွင် နှစ်စဉ် ကျင်းပသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို မြို့လယ်သာသနဝေပုလ္လစာသင်တိုက် ဆရာတော်ဦးဝေပုလ္လနှင့် မြို့လယ် မဟာမြတ်မုနိဘုရားကြီးဝတ်အသင်းသူ၊ ဝတ်အသင်းသားများ ဦးဆောင်၍ စက်တင်ဘာ ၂၆ရက်က သံဃာတော် ၁၀၈ပါးတို့အား (၃၁)ကြိမ်မြောက် ဆွမ်းဆန်တော်နှင့်တကွ ငွေပဒေသာပင်၊ ကလေးမဲ၊ စာရေးကိရိယာများကို အဆိုပါကျောင်းတိုက် မဟာမြတ်မုနိဘုရားကြီး ခြေတော်ရင်းတွင် လောင်းလှူကြကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဇမ္ဗူရာဇ်လမ်း အမှတ် ၁၂နေ ဒေါ်အမာကြည် မိသားစုက ဒေါ်အမာကြည်၏ (၆၈)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး

အတွက် အလှူငွေကျပ်တစ်သိန်းကို တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ဘဒ္ဒန္တ ဣန္ဒပါလထံရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်
၁၂-၁၀-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့်ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စပ်မျိုးသစ်ခွစိုက်ပျိုးရေး)
၁၁:၃၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ပေါက်ပင်)
၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (လရိပ်ဆည်းဆာ)

ညနေပိုင်း

၁၆:၀၀ ရာသီခါမီတေးပန်းချီ
(၁) မိုးနှမလေးနှုတ်ဆက်လွှာ (ခင်ယုမေ)
(၂) မိုးစဲနေ့ (စည်သူလွင်)
(၃) ထီးကလေးပျောက်လို့ (ထား)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) စားနပ်ရိက္ခာဖူလုံဖို့ ဝိုင်းဝန်းကြိုးပမ်းထုတ်လုပ်စို့ (ခေါင်းကြီး)
(၂) စိုက်ပါ စားပါ (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဓာတ်လမ်း (ငွေရွှင်အောင် ရွှေချဉ်ပေါင်စိုက်)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (လူ့မျက်နှာ၏ ပတ်ဝန်းကျင်အကြောင်း-မောင်ဆုရှင်)
၁၉:၁၅ နှောင်းခေတ်ကြေးမုံ ဓာတ်လမ်းတို (မှုပိုင်မေတ္တာ)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကာလပေါ်အချစ်ဓာတ်လမ်းလေး (ဟသ်ာတထွန်းရင်)
(၂) အချစ်ဆိုသောအရာ (တင်တင်မြ)
(၃) အချစ်ဦးမောင့်ထံပြန်လာပါ (ဟသ်ာတအောင်တင်ဝင်း)

ခြံစည်းရိုးကြက်ဆူ စံပြစိုက်ခင်းစုပေါင်းစိုက်ပျိုး

နောင်တရား အောက်တိုဘာ ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် နောင်တရားမြို့နယ် နောင်ပီကျေးရွာအုပ်စု ဘန့်ဘိန်းကျေးရွာတွင် ခြံစည်းရိုးကြက်ဆူစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်လျက်ရှိရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် စံပြကျေးရွာအနီးရှိ သတ်မှတ်စိုက်ကွင်း၌ စက်တင်ဘာ ၂၂ ရက်က မိမိဌာနစိုက်ကွင်းအလိုက် တစ်ပြိုင်တည်း စုပေါင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးပြီးစီး

ထိုသို့ စိုက်ပျိုးကြရာတွင် နောင်ပီကျေးရွာအုပ်စုအတွင်းရှိ ရွာသားများက တစ်အိမ်ထောင်လျှင် ၁ ဒသမ ၇၅ဧကစီကိုလည်းကောင်း၊ အထူးဒေသ (၆) ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့က ဧက ၅၀ ကိုလည်းကောင်း၊ ဌာနဆိုင်ရာများက ဧက ၇၅ ဧကကို လည်းကောင်း စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကသာခရိုင် ဗန်းမောက်မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့်နှင့် စည်ပင်ဝန်ထမ်းများ မြို့အဝင်မြေယာရှုခင်းအလှ ဆောင်ရွက်မှုကိုသြဂုတ်၃၀ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိဦးကျော်နန်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

သြဂုတ်၂၅ရက်က မော်လမြိုင်ကျွန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၀၇ ခုနှစ်အတွက် မသန်စွမ်းစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲနှင့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ကျောင်းသုံးစာရေး ကိရိယာများနှင့် ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်ဦး(ငြိမ်း)က ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်
ကြော်ငြာစာအမှတ် ၁/၂၀၀၇
(၂၀၀၇ခုနှစ် အောက်တိုဘာလ ၁၀ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၃၉၀၀၀-၁၀၀၀-၄၄၀၀၀) အောက်ဖော်ပြပါ ရာထူးနေရာတွင် ယှဉ်တွဲဖော်ပြပါ အနိမ့်ဆုံးအဆင့် သတ်မှတ်ထားသည့် ပညာအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

ရာထူးအမည်	ပညာအရည်အချင်း	လစ်လပ်နေရာ
အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)	B.Tech (Civil)(သို့မဟုတ်) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိထားပြီး A.G.T.I (Civil)ရရှိသူ	၄

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁၀-၂၀၀၇ရက်တွင် အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ ဝန်ထမ်းမဟုတ်သူများသည် အောက်ဖော်ပြပါအချက်အလက်များကို ပူးတွဲလျက် လျှောက်လွှာကို ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ ရုံးအမှတ် (၂၆)သို့ လိပ်မူ၍ (၁၄-၁၁-၂၀၀၇)ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ဝန်ထမ်းဖြစ်လျှင် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်ရာဌာန၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၂၆)၊ နေပြည်တော်သို့ (၂၀-၁၁-၂၀၀၇)ရက် နောက်ဆုံးထား၍ ပေးပို့ရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို (၁၄-၁၁-၂၀၀၇)ရက် နောက်ဆုံးထား၍ ကြိုတင်ပေးပို့ရန်ဖြစ်သည်-
(က) လျှောက်ထားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် မွေးသက္ကရာဇ်
(ခ) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊ အောင်လက်မှတ်မိတ္တူ
(ဂ) မိဘအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ် (သို့) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အလုပ်အကိုင်
(ဃ) ပြင်ပလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(င) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူးနှင့်ဌာန
(စ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း / တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မိတ္တူ
(ဆ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၂)ပုံ
(ဇ) ဝန်ထမ်းမဟုတ်သူများအတွက် သက်ဆိုင်ရာ မြို့နယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ (၃၀-၉-၂၀၀၇)ရက် နောက်ပိုင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်
(ဈ) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ (ဖုန်းနံပါတ်ရှိပါက ဖော်ပြရန်)

၄။ အောက်ဖော်ပြပါ ဘာသာရပ်များအတွက် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး၊ စာမေးပွဲကျင်းပမည့်နေ့ရက်၊ အချိန်အား သီးခြား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်-
(က) အထွေထွေဗဟုသုတ (၂) နာရီမေးခွန်း
(ခ) အင်္ဂလိပ်စာ (၂) နာရီမေးခွန်း

၅။ စာမေးပွဲဖြေဆိုသည့်ရက်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း ယူဆောင်လာရမည်။

၆။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို နေပြည်တော်တွင် လူတွေ့စစ်ဆေးမှု ပြုလုပ်ရွေးချယ် ခန့်ထားမည်ဖြစ်ပါသည်။

၇။ သိလိုသောအချက်အလက်များကို စုံစမ်းမေးမြန်းလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၂၆)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၁၀၂၄၁၊ ၀၆၇-၄၁၀၁၈၆သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၃

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
ငါန်းဇွန်မြို့။
တရားနိုင်

နှင့်

၁။ ဒေါ်ဝင်းတင်
၂။ ဒေါ်ဝင်းခင်
တရားရှုံး

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၂၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ငါန်းဇွန်မြို့နယ် သားကျင်ရွာကွင်း(၁၀၀၄)၊ ဦးပိုင်အမှတ်(၆၈၅/၈၂၆)၊ ဧရိယာ ၀ဒသမ ၁၈ ဧကရှိမြေ၊ ယင်းမြေပေါ်ရှိ(၂၄×၂၆)ပေ သွပ်မိုးနှစ်ထပ်တိုက်တစ်လုံး၊ (၃၃×၂၀)ပေ ဝါးကပ်နှင့် သက်ကယ်မိုး၊ ဝါးထရံကာ နှစ်ထပ်ဂိုဒေါင်တစ်လုံးနှင့် ကျန်ပစ္စည်းများ။

ငါန်းဇွန်မြို့နယ် သားကျင်ကွင်း(၁၀၀၄)၊ ဦးပိုင်အမှတ်(အက်ဖ်၆၈၄)၊ ဧရိယာ၀ဒသမ၀၆ ဧကရှိမြေ၊ ယင်းမြေပေါ်ရှိ(၃၀×၂၅)ပေ၊ သွပ်မိုး၊ ပတ်ကား၊ တစ်ထပ်တိုက်တစ်လုံးနှင့် လုပ်ငန်းသုံးပစ္စည်းများ။

ကြမ်းခင်းဈေးကျပ် ၇၃ သိန်း။
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မလေးညို(တ/၁၆၁၄)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊ မြင်းခြံမြို့။

ဖခင်အမည်မှန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)အထက(၃)တက္ကသိုလ်ဝင်တန်း(H)မှ မမေသူသူထွန်း၏ဖခင်အမည်မှန်မှာ ဦးဝင်းကိုမင်း ဖြစ်ပါသည်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မကွေးခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်(၁၆)

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
ရေနံချောင်းမြို့။
တရားနိုင်

နှင့်

၁။ ဦးမြညွန့်
၂။ ဒေါ်ဌေးဌေးကြည်
တရားရှုံးများ

၂၀၀၀ပြည့်နှစ် တရားမကြီးမှုအမှတ် (၄၃)တွင် စရိတ်များအပါအဝင် ငွေ ၂၅၇၇၄၄၇ကျပ်၂၅ပြားအတွက် ရရှိခဲ့သော အနိုင်ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် နိုဝင်ဘာ ၁၆ ရက် (၁၃၆၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အချင်းဖြစ် အဆောက်အအုံရှေ့၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံရောင်းချမည့် ပစ္စည်းစာရင်း

ရေနံချောင်းမြို့ ဆုံတိုက်ရပ်ကွက်(မြစိမ်းရောင်သူဌေးကုန်းရပ်)အကွက်/ကွင်းအမှတ်(၅/သူဌေးကုန်း)၊ ဦးပိုင်အမှတ် (၂၁)၊ မြေကွက်အမှတ် (၈၅/၁၉၆)၊ ဧရိယာ ၀ဒသမ၁၃၂ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇ပေ×၂၄ပေ×၁၃ပေ)သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ အုတ်ညှပ်၊ တစ်ထပ်တိုက်။

ကြမ်းခင်းဈေး ကျပ်၂၉သိန်း
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များ အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးစိုး
ဒုတိယခရိုင်တရားသူကြီး
မကွေးခရိုင်တရားရုံး၊ မကွေးမြို့။

အမည်ပြောင်း

အဖ ဦးထွန်းခိုင်၏သား ပန်းတနော်မြို့နယ် အထကအင်းမ တက္ကသိုလ်ဝင်တန်း(က)မှ မောင်ချဲလေးအား ၁၄/ပတန(နိုင်)၁၇၄၀၈၄အရ မောင်တင်ကိုလင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်တင်ကိုလင်း။**

အမည်ပြောင်း

အထက(၁)ဘားအံမြို့ ဆဋ္ဌမတန်း တန်းခွဲ(၃)မှ မလင်းလဲ့လဲ့လင်းအား မလင်းလက်လက်လင်းဟု ခေါ်ပါရန်နှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးစောသိန်းမင်း ဖြစ်ပါကြောင်း။ **ဦးစောသိန်းမင်း။**

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကျောင်းသားကျောင်းသူများ စာသင်ပျက်သည်။

ဈေးသည်များ စီးပွားရေးထိခိုက်သည်။

လက်လုပ်လက်စားများ ဝင်ငွေလျော့သည်။

ခရီးသွားလုပ်ငန်းများ အကြီးအကျယ်ထိခိုက်သည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကိုလိုနီနယ်ချဲ့များသာ အကျိုးရှိသည်။

ပြည်တွင်းပြည်ပ အဖျက်သမားများသာ ဒေါ်လာဆုကြေး တစ်ပွေ့တစ်ပိုက်ရရှိသွားကြသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏားများ၊ မယုံလေနဲ့ သတိထား